**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ အင်္ဂါနေ့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြား

**ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းကြီးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများအတွက် အောင်မြင်တိုးတက်မှု ပြယုဂ်တစ်ခုလည်းဖြစ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၉**

ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✯



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၃၀ ရက်)

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောကြားသည့် ၂၀၂၄ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်သဝဏ်လွှာတွင် **"၂၀၂၄ ခုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွင်း ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှရရှိတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်လက်များက ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အစိုးရရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးဖြစ်ပေါ်စေရေးအတွက် အခြေခံအချက်ဖြစ်တဲ့ မဲစာရင်းများမှန်ကန်ပြည့်စုံရေးမှာလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့လည်း ဆောင်ရွက်မယ့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ပေးကြဖို့လည်း ပြောကြားလိုပါတယ်"**ဟူ၍ ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအောင်မြင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၆ ရက်တွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့်ကောက်ယူမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများချမှတ်ရာတွင် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသောစီမံကိန်းလုပ်ငန်းဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ပညာရေးဝန်ထမ်းများက အဓိကပါဝင်မည်ဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ သန်းခေါင်စာရင်းသင်တန်းအဆင့်ဆင့်ကို လာမည့်ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သန်းခေါင်စာရင်းလုပ်ငန်းနှင့်ပတ်သက်၍ စမ်းသပ်သန်းခေါင်စာရင်းမှရရှိလာသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို အခြေခံလျက်ကောက်ကွက်ဖွဲ့စည်းခြင်း၊ သန်းခေါင်စာရင်းမေးခွန်းပုံစံပြင်ဆင်အတည်ပြုခြင်းတို့ကို သတ်မှတ်အချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ထားပြီးဖြစ်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကျယ်ပြန့်ပြီး ကုန်ကျစရိတ်ကြီးမားမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၀ နှစ်တစ်ကြိမ်ကောက်ယူလေ့ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၅ နှစ်တစ်ကြိမ်ကောက်ယူသည်။ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် စာရင်းအင်းအချက်အလက်များအနက် အဓိကကျသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှသာရရှိနိုင်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက်ဆောင်ပုဒ်မှာ **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"**ဟူ၍ဖြစ်သည်။ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင်ခေတ်မီနည်းပညာ Computer-Assisted Personal Interviews (CAPI) နည်းစနစ်ကိုအသုံးပြုပြီး Mobile Tablet များနှင့် ကောက်ယူမည်ဖြစ်သည်။ အိမ်ထောင်စုများတွင်နေထိုင်သူများအားမေးခွန်းပေါင်း ၆၈ ချက်မေးမြန်းပြီး အဖွဲ့အစည်းများတွင် နေထိုင်သူများကို မေးခွန်းပေါင်း ၁၈ ချက် မေးမြန်းမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင်ပြဋ္ဌာန်းခဲ့သော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေအရ သန်းခေါင်စာရင်းမှရရှိသောအချက်အလက်များကို ကာကွယ်ပေးထားမည်ဖြစ်သည်။ မည်သူမဆို လျှို့ဝှက်ချက်ချိုးဖောက်ပါက အဆိုပါဥပဒေဖြင့်အရေးယူခြင်းခံရမည်ဖြစ်သည်။

ယခုပြည်လုံးကျွတ်အဆင့်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတကာအကူအညီမပါဘဲ မိမိတို့နိုင်ငံအင်အားဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းကအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ နိုင်ငံတော်အစိုးရ၏မှတ်တိုင်တစ်ခု စိုက်ထူမှတ်ကျောက်တင်နိုင်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေဆိုခြင်းဖြင့် ပြည်သူများအားလုံးကပါဝင်ကြရမည်လည်းဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နည်းပညာလိုအပ်ချက်များ၊ ဆိုက်ဘာလုံခြုံရေးနှင့်အခြားသောနယ်မြေဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"** ဆောင်ပုဒ်နှင့်အညီ ပူးပေါင်းပါဝင်ကြရန်တိုက်တွန်းပါကြောင်း ရေးသားလိုက်ရပေသည်။ ။

မြိတ်၊ သာသနာရေး

# ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တောကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်အား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာကျင်းပ

နိုင်ငံတော်အစိုးရ၏ သာသနာတော်ဆိုင်ရာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ကျွန်းရပ် တောကျောင်းပရိယတ္တိ စာသင်တိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဉာဏိန္ဒအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာကို ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော်နှင့်သံဃာတော်များ၊ သီလရှင်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တောကျောင်းမိသားစု ပဝါရဏာဂိုဏ်း၏မဟာနာယက ဘဒ္ဒန္တကိတ္တိသာရ ခုံမော်ကျောင်းကြီးဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များနာယူကြသည်။

ဆက်လက်၍ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဉာဏိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း၊ မင်္ဂလာတေးထပ်၊ မင်္ဂလာပိုဒ်စုံရတုရှစ်လုံးဖွဲ့ကဗျာများဖြင့် သံဃာတော်များနှင့်တာဝန်ရှိသူများက ဖတ်ကြားရွတ်ဆိုပူဇော်ကြပြီး ဆရာတော် သံဃာတော်များနှင့် အပူဇော်ခံ ဆရာတော်များအား ဒါယကာ၊ ဒါယိကာမများနှင့် တက်ရောက်လာကြသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပဥ္စနိကာယသာသနဗိမာန်ကျောင်းတိုက် သာသနဓဇဓမ္မာစရိယ ဝိနယဓရ မဟာဂန္ထဝါစကပဏ္ဍိတ စာချနာယကဆရာတော်ဘဒ္ဒန္တဝိစက္ခဏထံမှ အနုမောဒနာတရားနာယူကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ **နိုင်ထူး(ပြန်/ဆက်)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။


**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



| နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ်ဆောင်းပါ။ | ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။ | နေပူထဲသွားပါကနေကာမျက်မှန်တပ်ဆင်ပါ။ | နေပူထဲသွားပါကနေရောင်ခံလိမ်းဆေးလိမ်းပါ။ |
|---|---|---|---|

ဧပြီလ၊ ၂၀၂၄ခုနှစ်



မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ငွေဆောင် ဧပြီ ၂၉

# လူရည်ချွန်စခန်း(ငွေဆောင်)မှ ကောဒသမတန်း လူရည်ချွန်မောင်မယ်များ ပုသိမ်မြို့သို့ လေ့လာရေးခရီးစဉ်သွားရောက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ လူရည်ချွန်စခန်း (ငွေဆောင်) သို့ အပန်းဖြေလေ့လာရေးခရီးရောက်ရှိနေကြသော ၂၀၂၄ ခုနှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ်များသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး မြို့တော် ပုသိမ်မြို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးနှင့်ရေချမ်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ပုသိမ်မြို့ရှိ မြန်မာ့ရိုးရာ ရွှေစာပုသိမ်ထီးလုပ်ငန်းအား သွားရောက်လေ့လာ၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ဆက်လက်၍လူရည်ချွန်မောင်မယ်များသည် ရွှေမြင်းပျံနှင့် ရွှေမြင်း ပုသိမ်ဟလဝါလုပ်ငန်းများသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက ဟလဝါလုပ်ငန်းအား လိုက်လံရှင်းလင်းပြသပြီး ဟလဝါနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။





ထို့နောက် ပုသိမ်မြို့တော်ခန်းမသို့ သွားရောက်ကြကာ ဧရာဝတီတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အထိမ်းအမှတ်အတွက် ခင်းကျင်းပြသထားသော (MSMEs) လုပ်ငန်းများ၊ ဒေသထွက်ကုန်များနှင့် စားသောက်ကုန်အရောင်းပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍မြို့တော်ခန်းမ၌ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဧည့်ခံပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ၊ ဆရာမများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်မောင်မယ်များနှင့် နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုတံဆိပ်ရသူများ၏ ဖျော်ဖြေရေးအစီအစဉ်များအား အတူတကွ ကြည့်ရှုခဲ့ကြကာ လူရည်ချွန်မောင်မယ်လေးများကလည်း လာခဲ့ပါလေဧရာမြေသီချင်းဖြင့် ဖျော်ဖြေသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူရည်ချွန်မောင်မယ်များအား အပြန်လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြကာ လူရည်ချွန်စခန်း(ငွေဆောင်) အဖွဲ့သည် ငွေဆောင်မြို့သို့ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထို့ပြင် ယနေ့ညနေပိုင်းတွင် လူရည်ချွန်စခန်း(ငွေဆောင်)စခန်းမှူး၊ တိုင်းပညာရေးမှူး ဦးဆောင်၍ ကာယဆရာ၊ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးတို့သည် ယမုံနာဦးဟိုတယ်ရှေ့ သဲသောင်ပြင်တွင် ဘောလုံးကန်ခြင်း၊ ဘော်လီဘောပုတ်ခြင်းတို့အပြင် ရေကူးခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းတို့အားလည်း ပျော်ရွှင်စွာလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ရန်ကုန် ဧပြီ ၂၉

# ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ဧက ၁၅၄၉၂ ဧကကို မြစ်ရေတင်ပို့လွှတ်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါး ၁၇၅၉၅ ဧကအတွက် ရေပေးဝေနိုင်ရန် လျာထားဆောင်ရွက်နေ



ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ် နွေစပါးခင်းများ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အောင်မြင်ဖြစ်ထွန်းခဲ့ရာ ဆည်တမံများနည်းတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ နွေစပါးစိုက်ဧက ၁၅၄၉၂ ဧကကို အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါး ၁၇၅၉၅ ဧကအား ပြည့်ဝစွာရေပို့လွှတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးထဲမှာဆိုရင် တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်မြို့နယ်တို့မှာရှိတဲ့ နွေစပါးစိုက်ခင်းတွေကို လှိုင်မြစ်၊ ကုက္ကိုလ်ဝမြစ်နဲ့ ငမိုးရိပ်ချောင်းတို့ကနေ မြစ်ရေတင်စနစ်နဲ့ ရေပို့လွှတ်ပေးခဲ့တယ်။ မနှစ်က နွေစပါးဧက ၁၂၀၀၀ ကျော်ကို ရေပေးခဲ့ပြီး ဒီနှစ်မှာ ဧက ၁၅၄၉၂ အထိ စိုက်ဧကတိုးလာတာနဲ့အမျှ ရေပေးဝေနိုင်ခဲ့ပါတယ်။ ဇန်နဝါရီလဆန်းမှာ မြစ်ရေတင်စတင်ပေးဝေခဲ့ပြီးတော့ မေလ ပထမပတ်၊ ဒုတိယပတ်မှာ ရပ်နားမှာပါ။ ပျိုးကြဲနောက်ကျမှုနဲ့ သက်တမ်းရင့်စပါးပါလာရင်တော့ ရေပို့လွှတ်မှုရပ်နားဖို့ နောက်ကျနိုင်ပါတယ်။ တောင်သူတွေနွေစပါးကို ဧကတိုးပြီးစိုက်လာတာဟာ တောင်သူတွေရဲ့ လူမှုစီးပွားဘဝတိုးတက်မှုရဲ့ ခြေလှမ်းသစ်တစ်ရပ်ပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့အတူ ပံ့ပိုးမှုများနဲ့ ဆောင်ရွက်ခဲ့တာကြောင့် နွေစပါးအတွက် လိုအပ်တဲ့ရေကို အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောင်နှစ်နွေစပါးရာသီမှာလည်း ယခုနှစ်ထက် တိုးချဲ့စိုက်ပျိုးလာမယ့်နွေစပါးခင်းများအတွက် ရေပြည့်ဝစွာရရှိအောင် ကြိုတင်ပြင်ဆင်နေပါတယ်။ စပါးဈေးကောင်းချိန်မှာ ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပပို့ကုန်အတွက် စိုက်ဧကတွေတိုးချဲ့ပြီး စိုက်ပျိုးနိုင်မှုဟာ စိုက်ပျိုးတောင်သူနဲ့ နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေတာအမှန်ပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်သန်းက ပြောသည်။

၂၀၂၃-၂၀၂၄ ခုနှစ် သန်လျင်ခရိုင်၌ ကျုံတုရေတင်လုပ်ငန်း၊ ကမာကလူရေတင်လုပ်ငန်း၊ ခရမ်းချောင်းရေတင်လုပ်ငန်းတို့မှ နွေစပါး ၇၆ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၃၅၀ လျာထားကြောင်း၊ မင်္ဂလာဒုံခရိုင်၌ မြစ်ကျိုးရေတင်လုပ်ငန်း၊ ကန်ကလေးရေတင်လုပ်ငန်းနှင့် မြောင်းတကာရေတင်လုပ်ငန်းတို့မှ နွေစပါး ဧက ၁၃၂၀ စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၁၈၉၀ စိုက်ပျိုးရန်လျာထားကြောင်း၊ မင်္ဂလာဒုံမြို့နယ်၌ စမ်းကြီးဝရေတင်လုပ်ငန်း၊ ဘားလား(၁)ရေတင်လုပ်ငန်းတို့မှ နွေစပါး ၂၁၅ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၂၈၀ စိုက်ပျိုးရန်လျာထားကြောင်း၊ ထန်းတပင်မြို့နယ်၌ ရေပေါ်သောင်ရေတင်လုပ်ငန်း၊ ဝွေ့တန်းရှည်ရေတင်လုပ်ငန်း၊ ကြို့ကုန်းရေတင်လုပ်ငန်းနှင့် ကျွန်းငူရေတင်လုပ်ငန်းတို့မှ နွေစပါး ၂၈၁၈ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၃၀၃၀ စိုက်ပျိုးရန်လျာထားကြောင်း။

တိုက်ကြီးမြို့နယ်၌ အိုင်ကလောင်ရေတင်လုပ်ငန်း၊ အလဘုတ်ရေတင်လုပ်ငန်း၊ သပြေကန်ရေတင်လုပ်ငန်း၊ တော်လတီရေတင်လုပ်ငန်း၊ တောင်ရပ်ဇီးကုန်းရေတင်လုပ်ငန်းနှင့် သရက်ချောင်းရေတင်လုပ်ငန်းတို့မှ နွေစပါး ၃၄၀၁ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဧက ၃၈၀၀ စိုက်ပျိုးရန်လျာထားကြောင်း၊ လှည်းကူးခရိုင်၌ ဘားလား(၂)ရေတင်လုပ်ငန်း၊ မလစ်ရေတင်လုပ်ငန်း၊ ရေကျော်ရေတင်လုပ်ငန်း၊ စစ်ပင်ရေတင်လုပ်ငန်း၊ ဆင်ဖုံရေတင်လုပ်ငန်း၊ ငွေနံ့သာရေတင်လုပ်ငန်း၊ ငမိုးရိပ်ရေတင်လုပ်ငန်း၊ လက်ပံရေတင်လုပ်ငန်း၊ လက်ပံ(၂)ကင်းမွန်းချုံရေတင်လုပ်ငန်းနှင့် ရဲမွန်ရေတင်လုပ်ငန်းတို့မှ ၇၆၆၂ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၈၂၄၅ ဧက စိုက်ပျိုးရန်လျာထားရာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အဆိုပါ ခရိုင်/မြို့နယ်တို့၌ နွေစပါးစိုက်ဧက ၁၅၄၉၂ အား မြစ်ရေတင်စနစ်ဖြင့်ပို့လွှတ်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါးစိုက်ခင်း ၁၇၅၉၅ ဧကအတွက် ရေပို့လွှတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပြီး လျှပ်စစ်ရေတင်လုပ်ငန်း ၂၂ ခုမှ အကျိုးပြုဧကပေါင်း ၂၄၅၁၈ ဧက၊ ဆောင်ရွက်ဆဲ လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ အကျိုးပြုဧက ၃၃၀၀ နှင့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း ကွင်းဆင်းတိုင်းတာမှု (Fesibility Study) ဆောင်ရွက်ဆဲ လျှပ်စစ်ရေတင်လုပ်ငန်း ခြောက်ခုတို့မှ အကျိုးပြုဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-တိုင်းဆည်မြောင်း**

**ညီမ်းသူ(သတင်းစဉ်)**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

ကိုလတ်က ငြိမ်သက်သောအမူအရာနှင့် ထုံးစံအတိုင်း ညင်သာစွာပြုံးလျက်. . .

“အောင် ကိုယ့်အသက်ကို ဘယ်လောက်ရှိပြီထင်လို့လဲ”

“ဘယ်သိမလဲ”

“မှန်းကြည့်လေ”

“မမှန်းတတ်ပါဘူး”

“မှန်းပါ၊ ဘယ်လောက်ဖြစ်ဖြစ်ပေါ့”

ကိုလတ်က အလျှော့ပေးတော့မှာမဟုတ်တာကို သိသဖြင့် အောင်က အသက် ၂၈ နှစ်လောက်ရှိရောပေါ့ဟုမှန်း၏။

“ ၂၅ နှစ်”

“ဟင်၊ ကိုလတ်က အဲလောက်ပဲရှိသေးလား၊ ဟုတ်ကောဟုတ်လို့လား”

“ဟုတ်ပါတယ် အောင်ရဲ့၊ ကိုယ်က ရုပ်ရင့်နေလို့လား”

“ရုပ်ရင့်တာလည်း မဟုတ်ပါဘူး တစ်မျိုးပဲ၊ လူကြီးနဲ့တူလို့၊ ကိုလတ်ကို ကျွန်တော့်ထက် အသက်ငါးနှစ်လောက်ကြီးမယ်ထင်တာ ဘွဲ့ရပြီး အလုပ်ကလည်း လုပ်နေတာကိုး”

ဒေဝက. . .

“ကိုလတ်က ၁၆ နှစ်နဲ့ ကောလိပ်ရောက်တယ်၊ ၂၆ နှစ်ကျမှ ကောလိပ်ရောက်တာက ဟိုကောင်”

ဗလကို မေးငေါ့ပြလေသည်။

ဗလက အသက် ၃၀ ကျော်ပြီတဲ့။

ဗလကိုယ် သေးသေးလေးကိုကြည့်ပြီး အားလုံးက ဟားကြသည်။

ထို့နောက် ဗလကို “ဘိုးဘိုးဗလ”လို့ ခေါ်ကြသည်။

ဒေဝက ၂၈ နှစ်၊ ကိုအောင်က ၂၆ နှစ်၊ သူတို့ထဲက ကိုလတ်က အငယ်ဆုံးပဲတဲ့။

“အငယ်ဆုံးကလည်း အကြီးဆုံးကျနေတာပဲ၊ ဗိုလ်ကျနေလိုက်တာ” ဟု အောင်က မကျေမနပ်နှင့် ပြောနေသေးသည်။

**အခန်း (၄၀)**

အောင်သည် အလုပ်ကို ခပ်သွက်သွက်ပင် တရစပ်လုပ်သွားသည်။

အောင့်ကြည့်ရတာ အိမ်ရှင်မကောင်းဖြစ်မယ့်ရုပ်မျိုး မဟုတ်ဘူးတဲ့။

ဆတ်ကော့ လတ်ကော့နှင့် အပြင်ကိုထွက်လည်ချင် လည်သည်၊ မလည်ချင်လျှင်လည်း အဝတ်ဟောင်းတွေ တောင်ပုံရာပုံထားလျက် အိုးခွက်ပန်းကန်တွေ မဆေးသေးဘဲ သည်အတိုင်းပစ်ထားကာ အိပ်ရာထဲ စာဖတ်ချင်ဖတ်နေမည်။

အိပ်ချင် အိပ်နေမည်တဲ့။

ကိုအောင်က မှန်းဆပြောတော့ အားလုံးက ဝိုင်းထောက်ခံသည်။

“အထင်သေးလှချည်လား” အောင်က မျက်နှာထားတည်လျက်ပြောသည်။

“ခုတော့လည်း ငါတို့နှမလေးက တော်ရှာသားပဲ”

ကိုလတ်က သမံတလင်းပေါ်မှ သစ်သားပေါင်ပေါ်ထိုင်ကာ ဆေးလိပ်တစ်လိပ်ကို ဇိမ်ခံသောက်ရင်း အောင်လုပ်တာကိုင်တာကိုငေး၍ ကြည့်နေသည်။

ကိုအောင်ကတော့ ထုံးစံအတိုင်း သူလွယ်ထားသောလွယ်အိတ်တွင် ဘာတွေပါသလဲတော့ မသိ၊ မချဘဲ ကြောင်အိမ်နားကခုံပေါ်မှာ ကျကျနနထိုင်ပြီး ဂါးဒီးယန်းသတင်းစာထဲကဆောင်းပါးကို ဖတ်နေလေရဲ့။

ဗလကလည်း အာလူးထိုင်ဖုတ်ရင်း သင်ပြီးသားငါးကျည်းနှင့် ငါးခူတွေ ကောက်စားလိုက်၊ ဘဲဥပြုတ်လှီးပြီးသားတွေစားလိုက်နှင့် သူ့ရှေ့မှစားစရာတွေ မနည်းသိမ်းရသည်။

“ဒေဝတစ်ယောက်ပဲ ကူလုပ်ဖော်ရတယ်၊ လိမ္မာတယ်၊ မိန်းမချောချော အလိမ္မာလေးရပါစေ”

အောင်က ဆုတောင်းပေးနေသည်။

**“အောင်သည် အလုပ်ကို ခပ်သွက်သွက်ပင် တရစပ်လုပ်သွားသည်။ အောင့်ကြည့်ရတာ အိမ်ရှင်မကောင်းဖြစ်မယ့်ရုပ်မျိုး မဟုတ်ဘူးတဲ့။ ဆတ်ကော့လတ်ကော့နှင့် အပြင်ကိုထွက်လည်ချင် လည်သည်၊ မလည်ချင်လျှင်လည်း အဝတ်ဟောင်းတွေ တောင်ပုံရာပုံထားလျက် အိုးခွက်ပန်းကန်တွေမဆေးသေးဘဲ သည်အတိုင်းပစ်ထားကာ အိပ်ရာထဲ စာဖတ်ချင်ဖတ်နေမည်။ အိပ်ချင် အိပ်နေမည်တဲ့. . .”**

ဒေဝက ချီးကျူးတာကို အောင်က အငိုက်မိတော့ မည့်ဆဲဆဲ. . .

“ဟိုနားက ငါးဖယ်ကြော်လေး တစ်တုံးလောက်” ဟု တောင်းလိုက်တော့ အောင်က ငါးဖယ်ကြော်တစ်တုံးစီဝေပေးပြီး ငါးဖယ်ကြော်ပန်းကန်ကို ကပျာကယာ ကြောင်အိမ်ထဲ ထည့်လိုက်ရသည်။

သူ့ပါးစပ်ထဲလည်း ငါးဖယ်ကြော် ကပျာကယာ ကောက်ထည့်သော အောင်ကို ဗလက. . .

“ဟင်၊ ဒီအိမ်ရှင်မက ဘယ်လိုဟာလဲ”

အောင်က သူ့ဘာသာသူ သဘောကျပြီး တသော သောရယ်မောနေသည်။

ဆန်းဆန်းမြင့်က ကြက်သွန်တွေအခွံသင်နေရာမှ “အောင်လား၊ သူဟင်းချက်ရင် ဒီလိုပဲ၊ သူ့ပါးစပ်ထဲ မြည်းတာက တစ်ဝက်၊ စားရတာက တစ်ဝက်” ပြောရင်း ရယ်နေသည်။

“ကိုလတ်ရယ်၊ ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့” ဗလက လှမ်းပြောလိုက်သည်။

ကြက်သွန်ခိုးမွှန်၍ကျလာသော မျက်ရည်တွေကို သူ့ပုဆိုးနှင့်သုတ်ရင်း တဟင်းဟင်းနှင့်ငိုရင်း အသံတုန်တုန်နှင့်. . .

“မှာလိုက်ပါရစေနော်၊ ငါ့ရဲ့ပတ်ကားအတု ဖောင်တိန်လေးကို ဗလမယူစေနဲ့လို့၊ သီဂီနွယ်ကို ဆက်ဆက်အမှတ်တရပေးလိုက်နော်။ ဘုန်းကြီးကို ဒံပေါက်ဆွမ်းကျွေးပြီး အီကလယ်မုန့်အချိုတည်းပါလို့၊ ကုန်သမျှပိုက်ဆံတွေကို ကိုလတ်ရယ်၊ ကိုအောင်ရယ် မျှခံကြလိမ့်မယ်၊ ကိုအောင့်အိမ် ခုတင်ခြေရင်းမှာလှန်းထားတဲ့ မီးလောင်ပေါက် ၁၀၀ ကျော်နဲ့ ချဉ်စုတ်ဟောင် ပုဆိုးလေးတော့ ငါ့နှမတို့ မနမြောကြပါနဲ့၊ ဒေဝကို အမွေပေးလိုက်ကြပါ၊ ဒေဝတို့ သမဝါယမက ပုဆိုး မရတာကြာပြီတဲ့”

အောင်၊ ချောစုနှင့် ဆန်းဆန်းမြင့်တို့ ဒေဝ၏အမူအရာဟန်ပန်ကိုကြည့်ပြီး တသောသောရယ်မောကြလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ပွင့်ဖြူ၊ အသိပညာပေး**

## ပွင့်ဖြူမြို့မ စည်ပင်သာယာဈေး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် တွေ့ကြုံရမည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ်လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ သိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ဧပြီလ ၂၉ ရက်တွင် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ဈေးကော်မတီဝင်များနှင့်ပူးပေါင်းပြီး ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများနှင့် တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စနစ်ပစ္စည်းများ သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချရန်၊ ပြည်သူများ အစားအစာဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျရောင်းချရန်နှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းအဖွဲ့က ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်းလျှော့ချနိုင်ရေးအတွက် ဈေးရောင်းချရာတွင် ပလတ်စတစ်ပစ္စည်းအစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**မြောင်းမြ၊ လူမှုရေး**

## မြောင်းမြမြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း (၁/၂၀၂၄) ဆင်းပွဲအခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကညင်ချောင်းကျေးရွာ မြစိမ်းရောင်တောင်တော်သာသနာ့နယ်မြေ၌ မြို့နယ်ကြက်ခြေနီအသင်းခွဲအလုပ်အမှုဆောင်အဖွဲ့မှ ကြီးမှူး၍ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်နေသူများကို ကူညီပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်းအခြေခံသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြမြို့နယ် ကြက်ခြေနီအသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းတွင်ပါဝင်သော ကညင်ချောင်း၊ ကုန်းသာ၊ စဉ့်ကူးကျေးရွာအုပ်စုသုံးအုပ်စုတို့မှ ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းသင်တန်းတွင် ရှေးဦးပြုစုခြင်း ကြက်ခြေနီအဓိပ္ပာယ်၊ ကြက်ခြေနီအသိပညာပြန့်ပွားရေး၊ CPR အသက်ကယ်အထောက်အကူပြုစုနည်းနှင့် လူနာသယ်ဆောင်နည်းများကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို နည်းပြလေးဦးတို့က သင်တန်းသား၊ သင်တန်းသူ ၃၆ ဦးတို့အား သုံးရက်ကြာသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**ကျောဖုံးမှအဆက်**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုဂုဏ်ပြုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းကာ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နေ့လယ်ပိုင်းတွင် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မော်လမြိုင်မြို့၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သည် နယ်စပ်ဒေသများဖြစ်ပြီး အရေးပါသောနယ်စပ်ကုန်သွယ်ရေးဝင်ပေါက်များရှိသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ လက်ရှိဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူများ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်အခြေအနေများ၊ နိုင်ငံရေးသည် ကာကွယ်ရေးနှင့်စီးပွားရေးတို့နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည့်အတွက် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးတို့ကို ဟန်ချက်ညီအောင်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် MSME လုပ်ငန်းများကိုလည်း ထိရောက်အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည့်အခြေအနေများကို အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးနှင့်ပြည်သူ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများကိုနားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ တည်ငြိမ်အေးချမ်းမှုရှိပြီးဖြစ်သည့် မြို့/ရွာများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဆိုင်ရာကိစ္စရပ်များ၊ ယာယီနေရပ်စွန့်ခွာပြည်သူများနေထိုင်နိုင်ရန် ယာယီတိုက်ပွဲရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် လိုအပ်သည့်ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့်မြို့၊ ရွာများတွင် ပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက်နေမှုများ၊ MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးထားမှုနှင့် ဒေသအတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ **စာမျက်နှာ ၆ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မော်လမြိုင်မြို့၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။

စာမျက်နှာ ၅ မှအဆက်

အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဒေသတွင်းထုတ်ကုန်များဖြစ်သည့် ရော်ဘာနှင့် ဆန်၊ စပါးအတွက် Work Plan များရေးဆွဲဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တပ်နယ်များမှ တပ်မှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စစ်ဆင်ရေး၊ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာများအား ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။**(၁၀၀)**

နေပြည်တော် ဧပြီ ၂၉

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများပြုပြင်ထိန်းသိမ်းမှုအား ပြည်ထောင်စုဝန်ကြီးများ လှည့်လည်စစ်ဆေး

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းရေကန်များတူးဖော်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပုဂံမြို့ဟောင်း ကျုံးတူးဖော်ထိန်းသိမ်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ လွန်ခဲ့သောနှစ်ပေါင်း ၉၀၀ ကျော်က ရှေးမင်းကောင်းမင်းမြတ်များနှင့် ပြည်သူများတူးဖော်အသုံးပြုခဲ့သည့် ရှေးဟောင်းရေကန်ဖြစ်သော မြကန်ကို ကြည့်ရှုစစ်ဆေးရာ မြကန်တူးဖော်ထိန်းသိမ်းမှုအခြေအနေ၊ ရေဝင်ရောက်ရေး၊ ရေဝင်လမ်းကြောင်းများ ထိန်းသိမ်းရေးတို့နှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဇယဝေရီကန်နှင့် မင်္ဂလာကန် (၃) တူးဖော်ပြီးစီးမှုအခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ ဖိုးသူတော်ကန်တူးဖော်ပြီးစီးမှုအခြေအနေကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ကန်အတွင်း ရေဝင်လမ်းကြောင်းများ ရေဝင်ရောက်ရှိရေး၊ ကန်အတွင်း ရေစိမ့်မှုများမရှိစေရေး၊ ရေအဆက်မပြတ်ရှိစေရေး၊ ရေကန်များ ကြံ့ခိုင်မှုရှိရေး၊ ရေကန်တစ်ကန်နှင့်တစ်ကန် ချိတ်ဆက်သည့်ရေလမ်းကြောင်းများ မိုးမကျမီအပြီးတူးဖော်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ယင်းနောက် ရေတော်မုနိကန်၊ ရှာဟောင်းကြီးကန်၊ ဆုတောင်းပြည့်ကန်၊ ကိုမောက်ကန်များ ပြန်လည်တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေကိုလည်းကောင်း၊ ပုဂံခေတ်ကတည်းက မြကန်မှ ပုဂံမြို့ဟောင်း ကျုံးအတွင်းသို့ ရေစီးဆင်းသည့် ရေစီးလမ်းကြောင်းတစ်လျှောက်တွင် အနော်ရထာလမ်းဖြတ်သန်းဖောက်လုပ်ခဲ့သဖြင့် ရေကျော်နေသည့်နေရာအား Box Culvert ပြုလုပ်မည့်နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၁၉၉၀ ပြည့်နှစ်က တူးဖော်ခဲ့ပြီး သဲနုန်းပို့ကျမှုကို ပြန်လည်ဖယ်ရှား၍ ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်နေသည့် ပုဂံမြို့ဟောင်း အရှေ့ဘက်ကျုံးတူးဖော်ထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်အကြီးအကဲ အာနန္ဒာဘုရားသို့ ဖူးမြော်ကြည်ညိုစဉ်က လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက်အစည်းအဝေးခန်းမတွင် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်ကာလ ပျူပြားမင်းနန်းစံစဉ်ကတည်းက မြို့ရိုး၊ ကျုံး၊ မြောင်းများနှင့်အတူ ရေတွင်းရေကန်များ တူးဖော်ခဲ့ပြီး သဘာဝမြေမျက်နှာပြင် အနိမ့်အမြင့်ပေါ်မူတည်၍ အမြင့်ဆုံးတုရင်တောင်ခြေရှိမြကန်မှ အလံပုဂံ၊ ၎င်းမှ အလယ်ကန်၊ ၎င်းမှ လေးမျက်နှာကန်၊ ၎င်းမှ ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန် စသည်ဖြင့် ရေကန်အဆင့်ဆင့်သို့ ရေစီးလမ်းများဖြင့်သွယ်ယူ၍ ပုဂံမြို့ကျုံးအတွင်းထိ ရေသွယ်ယူစီမံခဲ့သည်ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းသုတေသနပြု၍ တူးဖော်ထိန်းသိမ်းမှုအခြေအနေ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိစေရန် စစ်ဆေးအကဲဖြတ်မှု (HIA) အတိုင်းဆောင်ရွက်မှု၊ ပြည်ပရေစီမံခန့်ခွဲမှုကျွမ်းကျင်ပညာရှင်ကိုပါ ဖိတ်ခေါ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်ပါ ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ကွင်းဆင်းလေ့လာ၍ အကြံပြုအကဲဖြတ်ခြင်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဆိုပါရှေးဟောင်းရေကန်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏အကူအညီဖြင့် စနစ်တကျဖော်ထုတ်နုန်းပို့ချထားသည်များကိုဆယ်ယူ၍ ဒေသခံများအတွက် သောက် သုံးရေ၊ စိုက်ပျိုးရေရရှိစေရန်နှင့် ရှေးဟောင်းရေစီမံမှုစနစ် ပြန်လည်အသက်ဝင်စေရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်း ဆောင်ရွက်မှုကုန်ကျစရိတ်များ လေလွင့်မှုမရှိစေရန်နှင့် အရည်အသွေးကောင်းမွန်သပ်ရပ်အောင် ဆယ်ယူထိန်းသိမ်းရေးဆောင်ရွက်ပေးစေလိုကြောင်း၊ ပုဂံဒေသရှိ ကျေးရွာများတွင် ဒေသခံပြည်သူများ အခက်အခဲဖြစ်နေသော သောက်ရေသုံးရေ၊ တိရစ္ဆာန်များနှင့် စိုက်ပျိုးရေများ သို့လှောင်အသုံးပြုနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေရေးဆောင်ရွက်ပေးရန်နှင့် ရေရှည်အတွက်ပါ ဆက်လက်ထိန်းသိမ်းရေးစီမံပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ်သို့ရောက်ရှိပြီး မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာသို့သွားရောက်ခဲ့ရာ တာဝန်ခံအရာရှိက မြို့ရေပေးဝေရေးစီမံကိန်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင် စက်ရုံ/အလုပ်ရုံများနှင့် ငှားရမ်းစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများနှင့် ငှားရမ်းစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ ထို့ပြင် စက်ရုံမှူးများ၊ စက်ရုံတာဝန်ခံများ၊ စိုက်ကွင်း/စိုက်ခြံတာဝန်ခံများသည် Virtual စနစ်ဖြင့် သတ်မှတ်နေရာများမှ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရပ်နားလျက်ရှိသည့် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများကို ပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် စက်မှုဝန်ကြီးဌာနရှိ ရပ်နားခဲ့သည့် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများကိုပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ ယခုဘဏ္ဍာရေးနှစ်တွင် အားနည်းချက်များ လျော့နည်းအောင်နှင့် အားသာချက်များ ပိုမိုရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လူ၊ စက်ပစ္စည်း၊ ကုန်ကြမ်းသွင်းအားစု၊ နည်းစဉ်၊ သဘာဝပတ်ဝန်းကျင်၊ အရည်အသွေး စသည့်အချက်များကို အခြေခံ၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံပိုင် စက်ရုံ/အလုပ်ရုံများသည် ပြည်သူလူထုလိုအပ်သော အခြေခံကုန်ပစ္စည်းများကိုထုတ်လုပ်နေခြင်း၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောသွင်းအားစုများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူစုဆောင်းထားရမည့်အပြင် စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်း စီမံချက်များရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ရုံအလိုက်ရှိပြီးဖြစ်သည့် နည်းပညာများ၊ စက်နှင့်စက်ပစ္စည်းများကို အကျိုးရှိအောင်အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ်များသည် လွန်စွာအရေးကြီးကြောင်း၊ လုပ်ငန်းတာဝန်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာန/လုပ်ငန်းများရှိ စီမံခန့်ခွဲရေးအဖွဲ့များနှင့်ဆွေးနွေးညှိနှိုင်းပြီး အစီအမံများရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျမှုရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဦးစီးဌာန/လုပ်ငန်းများအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို မှန်မှန်ကန်ကန်သုံးသပ်ဆွေးနွေးပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ အရှုံး/အမြတ်အခြေအနေများနှင့်စပ်လျဉ်း၍ သုံးသပ်ချက်များကိုလည်းကောင်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စက်ရုံများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ အရှုံး/အမြတ်အခြေအနေ၊ သုံးသပ်ချက်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်ရုံများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တက်ရောက်လာသူများက နိုင်ငံပိုင်စက်ရုံများ အောင်မြင်စွာလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းကျောင်းတွင် နေထိုင်စဉ်ကာလအတွင်း သင်တန်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး၊ ဂေဟာ/သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ ပြည့်ဝစွာပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်၊ သင်တန်းသားလူငယ်များနေထိုင်သည့် အိပ်ဆောင်များ၊ စားရိပ်သာများနှင့်သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းသားများ လက်တွေ့သင်ကြားလေ့ကျင့်နေသော သက်မွေးပညာသင်တန်းများဖြစ်သည့် ဆံသသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဆပ်ပြာဆီထုတ်လုပ်မှုသင်တန်းနှင့် သံဂဟေဆက်သင်တန်း (ဝရိန်သင်တန်း)များကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းတွင် ခေတ်ပေါ်တေးဂီတတီးဝိုင်းတည်ထောင်နိုင်ရေးအတွက် လူငယ်များကို လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်းများတွင် လူငယ်များ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်သည်အထိ ကြိုးစားလေ့ကျင့်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းရှိ အားကစားခန်းမတွင် သင်တန်းသားလူငယ်များနှင့်တွေ့ဆုံ၍ လူငယ်များသည် နိုင်ငံတော်၏ အရေးကြီးဆုံးအရင်းအမြစ်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး မိမိတို့၏မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူတော်လူကောင်းများဖြစ်စေရေး အတိတ်သင်ခန်းစာများရယူ၍ ကျင့်ကြံကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။ အဆိုပါ သင်တန်းကျောင်းတွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေး ၅၉ ဦးနှင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သော ကလေး ၅၇၅ ဦး စုစုပေါင်း ၆၃၄ ဦးကို လက်ခံစောင့်ရှောက်ထားရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွံတေးမြို့ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ရောက်ရှိရာ ကျောင်းအုပ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉) အရ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်များကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းများအချင်းချင်းစည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်နှင့် ဌာနတွင်စောင့်ရှောက်ထားသော ကလေးများကို လူမှုပတ်ဝန်းကျင်အတွင်း ပြန်လည်ဝင်ဆံ့ရန် ဘက်ပေါင်းစုံမှစေတနာထား၍ လေ့ကျင့်သင်ကြားပေးရန်၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက်ပညာရှင်များဖိတ်ခေါ်၍ အသိပညာပေးခြင်းများဆောင်ရွက်ပေးရန်နှင့် ၎င်းတို့နေရပ်ပြန်ပါက ပြန်လည်အသုံးချနိုင်မည့် ထိရောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များလည်း သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဌာနရှိ ဆေးပေးခန်း၊ ကျောင်းသူအိပ်ဆောင်များ၊ ရာသီသီးနှံစိုက်ခင်းများနှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၁-၄-၂၀၂၄ ရက် ည ၈ နာရီမှ ၂၈-၄-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၃၈၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦး တွေ့ရှိရသည်။**

**ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန(၃)ခုၕ် အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆို

မန္တလေး ဧပြီ ၂၉

ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန်မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံကျောင်းများရှိ စာစစ်ဌာနများ၌ ယနေ့တွင် စာမေးပွဲစတင်ဖြေဆိုစေခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ စာမေးပွဲဖြေဆိုရန် သတ်မှတ်ထားသည့် စာစစ်ဌာနများဖြစ်သည့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုရန် လျှောက်ထားသူ ၅၉ ဦးတွင် ဖြေဆိုသူ ၃၇ ဦး၊ ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုရန်လျှောက်ထားသူ နှစ်ဦးတွင် ဖြေဆိုသူ နှစ်ဦးနှင့် မိတ္ထီလာမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုရန်လျှောက်ထားသူ သုံးဦးတွင် ဖြေဆိုသူ သုံးဦး စုစုပေါင်း ၄၂ ဦး မြန်မာစာဘာသာရပ်ကို အေးချမ်းပျော်ရွှင်စွာ စတင်ဖြေဆိုကြသည်။

ထိုသို့ စာမေးပွဲဖြေဆိုရန် သက်ဆိုင်ရာစာစစ်ဌာနကျောင်းများသို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းနှင့် လိုအပ်သည့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖြေဆိုနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။



ယနေ့စာမေးပွဲဖြေဆိုမှုနှင့်စပ်လျဉ်း၍ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၏ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်စန္ဒာသွေးက "ကျွန်မတို့စာစစ်ဌာနမှာ ဖြေဆိုသူစာရင်းရှိ ကျောင်းသား ကျောင်းသူ ၅၉ ဦးရှိပါတယ်။ အမှန်တကယ် လာရောက်ဖြေဆိုသူ ကျောင်းသား ၁၅ ဦးနဲ့ ကျောင်းသူ ၂၂ ဦး စုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ သူတို့တွေ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ဖို့ စာမေးပွဲအခန်းတွေနဲ့ စာရေးကိရိယာတွေကိုလည်း အဆင်သင့် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ သွားလာရေးအဆင်ပြေစေဖို့ကိုလည်း ဆောင်ရွက်ပေးပါတယ်။ ဒီစာမေးပွဲကတော့ ကျောင်းသား ကျောင်းသူတွေအတွက် အထူးအခွင့်အရေးနဲ့ စီစဉ်ထားပေးတဲ့အတွက် ဖြေဆိုခွင့်ရတဲ့သူတွေ ကံကောင်းကြပါတယ်။ စာမေးပွဲမှာ ကြိုးစားပြီးဖြေရင် အကျိုးကျေးဇူးခံစားရမှာပါ" ဟု ပြောသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စာမေးပွဲစာစစ်ဌာနများနှင့် အနီးစပ်ဆုံး ကျောင်းများတွင် တည်းခိုနေထိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာစစ်ဌာန ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စာမေးပွဲကို ဧပြီ ၂၉ ရက်မှ မေ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း

# ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများ ဖူးမြော်လေ့လာ



ညောင်ဦး ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများကို ဒုတိယနေ့ ဆက်လက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

## ဖူးမြော်ကြည်ညို

ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇကဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ တာမဏီသိမ်ကျောင်း၊ ရွှေဆံတော်ဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေများကို မန္တလေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍လူရည်ချွန်ကျောင်းသားကျောင်းသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) တာဝန်ရှိသူများက ဘုရားကြီးများသမိုင်းကြောင်း၊ တည်ထားကိုးကွယ်ခဲ့သည့် မင်းများနှင့် ရှေးဟောင်းအဂ်တေပန်းများ၊ ဗိသုကာလက်ရာများအကြောင်းကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် ဘုရားများတွင် ရောင်းချနေသည့် ပုဂံသမိုင်းစာအုပ်များကို ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများပြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


# မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ခရီးသွားပြည်သူများ အေးချမ်းစွာသွားလာလျက်ရှိ

မြဝတီ ဧပြီ ၂၉

ကရင်ပြည်နယ် မြဝတီမြို့၌ နယ်မြေဒေသလုံခြုံရေးအခြေအနေအရ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားအား ယာယီသွားလာခွင့်ကို ဧပြီလ ၂၁ ရက်မှစ၍ ခေတ္တပိတ်ထားခဲ့သည်။ ထိုဖြစ်စဉ်များကြောင့် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်နှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ MoU ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နေသော လုပ်သားများ၊ U-turn ဖြင့် ဆောင်ရွက်ပေးနေရသောလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခဲ့ပြီး ဧပြီလ ၂၇ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့၍ ယာဉ်များ၊ ခရီးသွားပြည်သူများအား ပုံမှန်သွားလာခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားတွင်လည်း ပို့ကုန်၊ သွင်းကုန်များအား ပုံမှန်ပြန်လည်ဆောင်ရွက်ပေးနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံဆောင်ရွက်ပေးသွားနိုင်ရေးတို့ကို အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအား ပုံမှန်ဆောင်ရွက်သွားနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ခရီးသည်ပို့ဆောင်ရေးယာဉ်ငယ်များနှင့် တစ်ဖက်နိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့်လုပ်သားများ အဆင်ပြေချောမွေ့စွာပြန်လည်သွားလာနိုင်ရေးအတွက် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်တံတားဖွင့်ချိန် နံနက် ၆ နာရီမှ ည ၆ နာရီအထိ ဖွင့်လှစ်ပေးထား၍ နေ့စဉ်အားဖြင့် လူဦးရေ ၃၀၀၀ ခန့် အဝင်အထွက်ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် လာမည့် မေလ ၁ ရက်မှစတင်၍ နယ်စပ်အမှတ်(၁)ချစ်ကြည်ရေးတံတားအဝင်အထွက်ဂိတ်များမှ TBP/BP လက်မှတ်များကို ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအပြင် UID ကိုင်ဆောင်ထားသူများသာ လက်မှတ်များထုတ်ပေးမည်ဖြစ်ကြောင်း ပြည်သူများထံသို့ သက်ဆိုင်ရာဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ပေးထားကြောင်း တာဝန်ရှိသူထံမှ သိရသည်။




ခရိုင်(ပြန်/ဆက်)

သရက်၊ လူမှုရေး

# သရက်မြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် အင်ဖက်များ ဖြန့်ဝေခြင်းကို ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် မြို့မဈေးအတွင်း၌ ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများက ဈေးရောင်းဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများနှင့် ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

ကော့မှူး၊ လူမှုရေး

# ကော့မှူးမြို့နယ်၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ သစ်တောဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရေးဆိုင်ရာ အသိပညာတိုးပွားလာစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး သစ်တောများ၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန်ရည်ရွယ်၍ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အ. ထ. က (ကော့မှူး)၌ ကျင်းပသည်။



ထို့နောက် ဟောပြောပွဲတွင် ကော့မှူးမြို့နယ်ပညာရေးမှူး ဒေါ်နုနုကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိဦးလှမင်းက ကျောင်းသား၊ ကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေးခြင်း၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့်ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး ဟောပြောပွဲသို့တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးခန့် တက်ရောက်ကြောင်းသိရသည်။

**ကျော်သူရ(ကော့မှူး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၆း၀၃ | တရားတော် |
| ၃။ | ၇း၁၅ | မေတ္တာပို့ |
| ၄။ | ၇း၂၀ | ဓမ္မပူဇာတေး |
| ၅။ | ၇း၄၅ | မျိုးချစ်တပ်မတော် |
| ၆။ | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၀း၅၀ | ဖန်တီးသူရဲ့ဒီဇိုင်း |
| ၈။ | ၁၂း၀၀ | ၁၂ လရာသီမှတ်တမ်း |
| ၉။ | ၁၆း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၆း၅၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၁။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း - အချစ်ဆုံးသူရဲ့ရင်မှာ (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)** |
| ၁၂။ | **ညစ နာရီ သတင်း အပြီး** | နိုင်ငံတကာသတင်း |
| ၁၃။ | | မိုးလေဝသသတင်း |

## ရွှေပြည်မြန်မာ ဂုဏ်ရည်ဖြာ

❖ ရေမြေတောင်တော၊ သာပြန့်ပြောလျက်
မနောကြည်ဆိုင်း၊ မြင်သူတိုင်းတွက်
ရင်လှိုင်းခုန်ရ၊ ရွှေပြည်လှလျှင်
ရှေးက ခုတိုင်၊ အလှပြိုင်ကင်း
နိုင်ငံဖြစ်တည်၊ မြန်မာပြည်တည့်
သာကီနွယ်များ မွေးဖွားရာ။

❖ သာကီနွယ်ရိုး၊ ဂုဏ်တန်ခိုးလျှင်
အမျိုးဘာသာ၊ သာသနာတွက်
စာပေအနု၊ ယဉ်ကျေးမှုတွက်
ဗိသုကာဟန်၊ ကိုယ်ပိုင်စံတွက်
သိဉာဏ်လည်းစည်၊ သတ္တိညီကြောင်း
ဖြစ်တည်သမိုင်း ရွှေရည်ဆိုင်းခဲ့။

❖ တောတောင်စိမ်းမြ၊ သဘာဝတွင်
စီးကျစမ်းခွေ၊ မြစ်လေးထွေနှင့်
ရေမြေတောစုံ၊ ငှက်ကျေးအုံနှင့်
စုပုံမြေသား၊ ဘဏ္ဍာများနှင့်
လှိုင်းသားပင်လယ် သောင်ကမ်းကျယ်။

❖ နိုင်ငံဖြစ်တည်၊ ရွှေမြန်ပြည်၏
ဂုဏ်ရည်တန်ဖိုး၊ ညွန့်မကျိုးဖို့
အမျိုးသိက္ခာ၊ တိုးထည်ဝါဖို့
သာသနာစည်၊ ကမ္ဘာတည်ဖို့
ညီတူလေးမြတ် ညီညွတ်တိုး
နိုင်ရာရွေးချယ် တို့သယ်ပိုး
စွန့်လွှတ်ကိုယ်ကျိုး မော်ကွန်းထိုး။ ။

**ဟန်ညွန့်(ယဉ်ကျေးမှု)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

နေပြည်တော် ဧပြီ ၂၉

## ဝန်ကြီးဌာန၏ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှုအားပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၏ သတ်မှတ်နေရာအသီးသီး၌ကျင်းပလျက်ရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့အင်အားဦးစီးဌာန၏ ကွန်ပျူတာခန်းမ၌ ကွန်ပျူတာစစ်ဆေးနေမှု၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်၍ အဖွဲ့ခွဲအလိုက် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းဆောင်ရွက်နေမှု၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ကွန်ပျူတာခန်း၌ ကွန်ပျူတာစစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်ဖြေဆိုသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဌာန၏အဓိကလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်အတွက် အဓိကလက်ငင်းဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အင်ပြည့်အားပြည့်ဆောင်ရွက်နိုင်ရေးအတွက် ဌာန၌ လစ်လပ်လျက်ရှိသည့်ဝန်ထမ်းများ ဖြည့်တင်းနိုင်ရန် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အမျိုးသား ၁၂၀ ဦး၊ အမျိုးသမီး ၃၀ ဦး စုစုပေါင်း ၁၅၀ ဦးခန့်ထားနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ထမ်းလျှောက်လွှာများခေါ်ယူ၍ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများကို မတ်လ ၁၆ ရက်က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌အင်္ဂလိပ်စာရေးဖြေစာမေးပွဲများကျင်းပခဲ့ရာ အဆိုပါရေးဖြေစာမေးပွဲအောင်မြင်ကြသူများကို ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းတို့ကို ဧပြီလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်(ရုံးချုပ်) ၌ ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး စစ်ဆေးမှုအောင်မြင်သူများကို ဝန်ထမ်းခန့်ထားရေးလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၉

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်


### လေပွေလှိုင်းများ၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ၃-၅-၂၀၂၄ ရက်မှ ၅-၅-၂၀၂၄ ရက်အတွင်း အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှုအားကောင်းသော ဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**




---

ရန်ကုန် ဧပြီ ၂၉

## မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခဲ့သည့် နွေစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကျင်းပ



မျိုးစေ့ချကိရိယာ(Seeder)ဖြင့်စိုက်ပျိုးခဲ့သည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် ၂၀၂၄- ၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ချကိရိယာ(Seeder)အသုံးပြုစိုက်ပျိုးနိုင်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့က လှည်းကူးမြို့နယ် ဒါးပိန်တောင်ကျေးရွာအုပ်စု၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် တောင်သူဦးအောင်သန်း၏ လယ်မြေဧရိယာ နှစ်ဧကရှိ မနောသုခ(၂) နွေစပါးစံကွက်ရိတ်သိမ်းခြင်း၊ ချိန်တွယ်ခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တောင်သူဦးအောင်သန်းက စိုက်ခင်းအား Seeder ဖြင့်စတင်စိုက်ပျိုးသည့်ရက်မှ ရိတ်သိမ်းနိုင်သည့်အဆင့်ထိ လက်တွေ့စိုက်ပျိုးမှုများနှင့် သနပ်ပြင်ကျေးရွာမှ တောင်သူဦးအောင်လွင်က Seeder ဖြင့်စိုက်ပျိုးခြင်းကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအားရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၁၁၇ တင်းထွက်ရှိကြောင်းနှင့် လှည်းကူးမြို့နယ်တွင် Seeder ဖြင့်စိုက်ပျိုးသည့်ဧက ၁၅၇၆၀ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

---

နေပြည်တော် ဧပြီ ၂၉

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**(မိုး/ဇလ)**

---

### နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၉-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယက် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၆.၀ | ၁၁၄.၈ |
| ၂။ | မြင်းခြံ | ၄၅.၀ | ၁၁၃.၀ |
| ၃။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၅.၀ | ၁၁၃.၀ |
| ၄။ | မကွေး | ၄၄.၈ | ၁၁၂.၆ |
| ၅။ | မြင်းမူ | ၄၄.၅ | ၁၁၂.၁ |
| ၆။ | မန္တလေး | ၄၄.၅ | ၁၁၂.၁ |
| ၇။ | တောင်တွင်းကြီး | ၄၄.၅ | ၁၁၂.၁ |
| ၈။ | ဆင်ဖြူကျွန်း | ၄၄.၃ | ၁၁၁.၇ |
| ၉။ | မင်းဘူး | ၄၄.၂ | ၁၁၁.၆ |
| ၁၀။ | ရွှေဘို | ၄၄.၀ | ၁၁၁.၂ |

---

နေပြည်တော် ဧပြီ ၂၉

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း သဒ္ဓါကြည်ဖြူ ရေကန်များဆယ်လှူကုသိုလ်ယူ

မင်းဆွေ
(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအား ပုဂံခေတ်က ရေးထိုးခဲ့သော ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိ ကျောက်စာတွင် တတ္တဒေသ ဟု ရေးသားခဲ့သည်ကိုတွေ့ရှိရသည်။ တတ္တဒေသ ဟူသည်မှာ ပူပြင်းသော အရပ်ဒေသဟု အဓိပ္ပာယ်ရသည်။ သို့သော်လည်း ပုဂံဒေသ၏ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့် ပုဂံ၏အရှေ့တောင်ဘက်တွင် တုရင်တောင်ခြေရှိ မြကန်၊ အလံပုဂံစသော ကန်ကြီးများ ပုဂံဒေသအတွင်း ရေကန်များ အမြောက်အမြား မင်းကြီးလက်ထက် နိုင်ငံတစ်ဝန်းလုံးတွင် အကြိမ် တစ်ရာ့နှစ်ဆယ် မိုးရွာသွန်းခြင်း၊ အခါခပ်သိမ်း စပါးများပြည့်စုံခြင်း၊ နိုင်ငံ၌ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ကြက်တို့ ပေါများကြခြင်းနှင့် မှို၊ မျှစ်၊ ပန်း၊ သစ်သီးများ ပေါများကြောင်း ရေးထိုးထားသည်ကို လေ့လာတွေ့ရှိရသည်။ ကျောက်စာပါ အထောက်အထားများကို သုံးသပ်ကြည့်ပါက ပုဂံခေတ်ကာလ၌ မိုးအသင့်အတင့် ကောင်းမွန်ခဲ့ပြီး စိုက်ပျိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေကာ သစ်ပင်ပန်းမန်များ ဖြစ်ထွန်းခဲ့ကြောင်းနှင့် ရေလုံလောက်စွာရရှိသော အခြေအနေရှိ



မိုးခါမုန်တိုင်းအပြီး တုရင်တောင်ခြေမှ မြကန်မြင်ကွင်း။

ရှိနေသောကြောင့် ပူပြင်းခြောက်သွေ့သော်လည်း စိုက်ပျိုးရေး၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရေလုံလောက်စွာရရှိနိုင်သည့် အခြေအနေရှိမည်ဟုယူဆရပေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေလ၌ အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ခဲ့သည်။ မိုခါမုန်တိုင်း တိုက်ခတ်ခံရသည့်အထဲတွင် ပုဂံယဉ်ကျေးမှု အမွေအနှစ်များဖြစ်ကြသည့် စေတီ၊ ဂူဘုရား၊ သိမ်၊ ကျောင်းစသည့် သာသနိကအဆောက်အအုံအချို့လည်း အနည်းအကျဉ်း ထိခိုက်မှုရှိခဲ့သည်။ ထိုမုန်တိုင်းကြောင့်ပင် ရှေးဟောင်းအဆောက်အအုံများ၏တံတိုင်းအတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် ရေကြီးရေလျှံခြင်း၊ ရေဝပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲက နောင်တွင် ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် လမ်းညွှန်မှာကြားချက်အရ ပုဂံခေတ် ရေအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်သုတေသနပြုမှုများ၊ ရှေးဟောင်းရေလမ်းကြောင်းများအား ပြန်လည်ဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူထိန်းသိမ်းခြင်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့သည်။

ကျန်စစ်သားမင်း ရေးထိုးခဲ့သော အတ္ထုပ္ပတ္တိ ကျောက်စာတွင် ရာသီဥတုနှင့်ပတ်သက်၍ ဖော်ပြထားရာ ကျန်စစ်သား ကြောင်း လေ့လာသိရှိရသည်။ ထိုသို့ မိုးရွာသွန်းမှု အခြေအနေများကြောင့် တုရင်တောင်အနီးရှိ မြကန်၊ အလံပုဂံကဲ့သို့ ကန်ကြီးများတွင် ရေသိုလှောင်မှုများ ပြုလုပ်ခြင်း၊ ပုဂံဒေသတစ်ဝိုက်ရှိ ရေကန်များတွင်လည်း ရေသိုလှောင်ထားရှိနိုင်ခြင်းတို့ကြောင့် လူနှင့် တိရစ္ဆာန်များ ရေကိုလုံလောက်စွာ အသုံးပြုနိုင်သည့် အခြေအနေရှိသည်ဟု ယူဆရသည်။ ပုဂံတစ်ဝိုက်တွင် တွေ့ရှိရသော ရေကန်ကြီးများ အချို့သည် ယနေ့မျက်မှောက်ခေတ်တွင်လည်း အသုံးပြုလျက်ရှိသော ကန်ကြီးများအဖြစ် တွေ့ရှိရသည်။ ရေကန်ကြီးများအတွင်းသို့ မိုးရာသီကာလတွင် တိုက်ရိုက်ရေထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ ရေကန်အတွင်းသို့ဝင်မည့် ရေလမ်းကြောင်းထိပ်တည့်တည့်တွင် ရေစစ်ကန်ကို တစ်ဆင့်ခံ၍ ထားရှိကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် လေးမျက်နှာကန်၊ ဇေယျသွပ်ကန်၊ ဖျောက်ဆိပ်ပင်ကန်၊ သဲပြင်တောရွာရှိ ရေကန်တို့တွင် တွေ့ရှိနိုင်သည်။

ပုဂံဒေသတစ်ဝိုက်တွင် တွေ့ရှိရသော ရေကန်ကြီးများသည် ပုဂံခေတ် ရေသွင်းရေထုတ် စနစ်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့်ပါ ဆက်စပ်နေသော သမိုင်းတန်ဖိုးကြီးမားလှသည့် ရေကန်ကြီးများဖြစ်ကြသည်။ ပုဂံဒေသတစ်ဝိုက်တွင်တည်ရှိသော ရေကန် ၁၀၆ ကန်တွင် ဘုရားတံတိုင်းဝင်း၊ ဘုန်းတော်ကြီးကျောင်းဝင်း၊ ဟိုတယ်ဝင်းနှင့် အစိုးရဌာနဆိုင်ရာဝင်းများအတွင်းရှိ ရေကန် ၁၂ ကန်လည်း ပါဝင်သည်။ အဆိုပါ ရေကန် ၁၂ ကန်ကို ချန်လှပ်၍ ကျန်ရှေးဟောင်းရေကန်များသည် နှစ်ပေါင်းရာချီ ပို့ကျနေသည့် နုန်းများ၊ သဲများကြောင့် ကောနေရာ လိုအပ်သည့် ရေကန်များအား သဲနုန်းများ ဆယ်ယူ၍ ပြန်လည်ထိန်းသိမ်းပြုပြင်နိုင်ရေးအတွက် ပထမအဆင့် ၄၆ ကန်နှင့် ဒုတိယအဆင့် ၄၅ ကန်ကို အဆင့်နှစ်ဆင့် ခွဲခြားသတ်မှတ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေတိုရေရှည် စီမံချက်များရေးဆွဲကာ ဦးစားပေးအလိုက် စတင် ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ ကန်များတွင် ပို့ကျနေသော နုန်းများ၊ အနည်များအား ဆယ်ယူခြင်းအားဖြင့် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း တိုက်ခတ်မှုကဲ့သို့ ဘုရား၊ ပုထိုး၊ စေတီ၊ ဂူဘုရား၊ သိမ်၊ ကျောင်းများ၏ အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ ရေဝပ်၊ ရေလျှံခြင်းများ မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာများ ကောင်းမွန်ခြင်းများကို အထောက်အကူဖြစ်သကဲ့သို့ ဒေသတွင်းရှိ ရှေးဟောင်းကျေးရွာများတွင် နေထိုင်ကြသည့် လူနှင့် တိရစ္ဆာန်များအတွက် သောက်ရေသုံးရေအတွက်သာမက စိုက်ပျိုးရေးအတွက်ပါ အကျိုးပြုစေမည်ဖြစ်သည်။

ယခုအခါ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ သဒ္ဓါကြည်ဖြူ ပြည်သူတို့ကလည်း တတ်အားသရွေ့ အလှူငွေများ ထည့်ဝင်၍လည်းကောင်း ကန်ဆယ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။



ရွာဟောင်းကြီးကန် ကန်မဆယ်မီပုံ။



ရွာဟောင်းကြီးကန် ကန်ဆယ်နေစဉ်ပုံ။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ကျော်ကာလအတွင်းက တည်ရှိခဲ့သော မြို့ရိုး၊ ကျုံး၊ ရေတွင်း၊ ရေကန်များ၊ ရေမြောင်းများကို ပုဂံသူ၊ ပုဂံသားများက တူးဖော်ခဲ့ကြပြီး သဘာဝမြေမျက်နှာပြင်၏ အနိမ့်အမြင့်ပေါ်မူတည်၍ ရေများစီးဆင်းနိုင်သည့်အနေအထားကို ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ပုဂံခေတ် ရေစီမံခန့်ခွဲမှုဆိုင်ရာနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပပညာရှင်များကို ဖိတ်ခေါ်၍ ဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပါ ပူးပေါင်းဆွေးနွေးခြင်းများ၊ ကွင်းဆင်းလေ့လာ သုတေသနပြုခြင်းများနှင့်အထူးသဖြင့် အီတလီနိုင်ငံမှ ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Dr. Massimo Sarti ၏ အကြံပြုချက်ကို ရယူခဲ့သည်။ ပုဂံဒေသရေသွယ်ယူမှုစနစ်မှာ အမြင့်ဆုံး တုရင်တောင်ခြေရှိ မြကန်မှ အလံပုဂံ၊ အလယ်ကန်၊ လေးမျက်နှာကန်၊ ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန် စသည့်ရေကန်များရှိရာသို့ ရေစီးလမ်းကြောင်းများက တစ်ဆင့်သွယ်ဖောက်ယူ၍ နောက်ဆုံး၌ ပုဂံမြို့ရိုးနှင့်ကျုံးသို့ ရေသွယ်ယူ စီမံခဲ့ကြောင်း လေ့လာသိရှိရသည်။

ပုဂံဒေသတစ်ဝိုက်ရှိ ရှေးဟောင်းရေကန်များအားပို့ကျနေသည့်အနည်အနှစ်သဲနုန်းများ တူးဖော်ကန်ဆယ် ရှင်းလင်းခြင်းဖြင့် နွေရာသီရောက်တိုင်း လူများ၊ ကျွဲ၊ နွား တိရစ္ဆာန်များပါ လိုအပ်ပါက အသုံးပြုနိုင်မည်ဖြစ်သည်။ ပုဂံဒေသတွင် ခေတ်အဆက်ဆက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် လမ်းများဖောက်လုပ်ဆောင်ရွက်ခဲ့မှုကြောင့် ရှေးဟောင်း ရေစီးလမ်းကြောင်းများပိတ်ဆို့ခြင်း၊ တိမ်ကောသွားခြင်းများနှင့် နှစ်ပေါင်းရာချီ၍ ပို့ကျနေသော နုန်းများ၊ သဲများကို ဖယ်ရှား၍ ရေစီးလမ်းကြောင်းများကို ပြန်လည်ဖော်ထုတ်သွားရမည်ဖြစ်သည်။

ပုဂံရှေးဟောင်းနယ်မြေအတွင်းရှိ ရေကန် ၉၁ ကန်၏ ပထမအဆင့် ၄၆ ကန်အနက် ဆောင်ရွက်ပြီးစီးခဲ့သည့်ရေကန် ၁၂ ကန်မှာ-

၁။ ရွှေထီးကန် (ပုဂံမျှော်ဘုရား၏ အရှေ့ဘက်)
၂။ ဆွေတော်မျိုးတော်ကန် (စူဠာမဏိဘုရားနှင့် ဓမ္မရံကြီးဘုရားကြား)
၃။ ပျားကြီးစွဲကန် (အရှေ့ဖွားစောကျေးရွာနှင့် အနောက်ဖွားစောကျေးရွာကြား)
၄။ ဇီးပင်ကန် (ကန်စွန်းအို ဘုန်းတော်ကြီးကျောင်း၏ အနောက်တောင်ဘက်)
၅။ ဆုတောင်းပြည့်ရေကန် (အာနန္ဒာဘုရား၏အရှေ့မြောက်ဘက်)
၆။ သဲစစ်ကန်(နရသီဟပတေ့ဘုရား၏အရှေ့တောင်ဘက်၊ မင်းနန်သူ လေးထောင့်ကန်၏ အရှေ့ဘက်)
၇။ ဖိုးသူတော်ကန် (စူဠာမဏိဘုရား၏တောင်ဘက်)
၈။ မြောက်တစ်ဝက်ကန် (မြောက်တစ်ဝက်ဘုရား၏ မြောက်ဘက်၊ ဖိုးသူတော်ကန်၏ တောင်ဘက်)
၉။ ဖျောက်ဆိပ်ပင်ကန်(၁) (ဖျောက်ဆိပ်ပင်ရွာအနီး )
၁၀။ ဖျောက်ဆိပ်ပင်ကန်(၂) (ဖျောက်ဆိပ်ပင်ရွာအနီး)
၁၁။ ဖျောက်ဆိပ်ပင်ကန်(၃) (ဖျောက်ဆိပ်ပင်ရွာအနီး)
၁၂။ ဇယျဝေရိကန် (အရှေ့ဖွားစောကျေးရွာ၏တောင်ဘက်၊ ကန်စွန်းအိုကျောင်းအတွင်း)

ပုဂံဒေသတစ်ဝိုက်တွင် ဆောင်ရွက်ဆဲကန် ၉ ကန်မှာ -

၁။ ရေတော်မုနိကန် ( ဘူးလည်သီးဘုရား၏ အနောက်တောင်ဘက်)
၂။ ရွာဟောင်းကြီးကန် (ရွာဟောင်းကြီးဘုရား၏ အနောက်မြောက်ဘက်)

စာမျက်နှာ ၁၂ သို့ ●

- **စာမျက်နှာ ၁၁ မှအဆက်**

၃။ ဘူးလည်သီးကန် (ဘူးလည်သီးဘုရား၏ တောင်ဘက်)

၄။ လောကချမ်းသာကန် (ပြာသာဒ်ငယ်ဘုရားအနီး)

၅။ ဆုတောင်းပြည့်ကန် (အေးသာယာကန်) (ဆုတောင်းပြည့်ဘုရား၏ တောင်ဘက်၊ အနောက်ဖွားစော၏ အနောက်တောင်ဘက်)

၆။ ဆုတောင်းပြည့်ကန်(အုတ်ကန်) (ဆုတောင်းပြည့်ဘုရား၏ အနောက်မြောက်ထောင့်)



ရေတော်မုနိကန် ကန်မဆယ်မီပုံ။



ရေတော်မုနိကန် ကန်ဆယ်နေစဉ်ပုံ။

၇။ ကိုမောက်ကန် (သံပျင်စွာဘုရား၏အနောက်ဘက်)

၈။ မင်္ဂလာကန် ၃ (မွန်းတိမ်းကန်) (သစ္စာဝတီဘုရား၏ အရှေ့တောင်ဘက်)

၉။ အာမနာကန် (သမ္ဘူလဘုရား၏ အနောက်မြောက်ဘက်) တို့ဖြစ်သည်။

ကျန်ရှိနေသေးသော ရေကန်ကြီးများအား ဆက်လက်ဆယ်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ရေကန်ကြီးများဆယ်ယူခြင်းမပြုမီ ရေကန်တစ်ကန်ချင်းစီအား အမွေအနှစ်ထိခိုက်မှု ဆန်းစစ်ချက် HIA (Heritage Impact Assessment) ဆောင်ရွက်ခြင်း၊ မြေမျက်နှာပြင် အနိမ့်အမြင့် အသေးစိတ်လေ့လာနိုင်ရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဆက်စပ်ပူးပေါင်းဌာနများက ပဏာမကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ ရေကန်တစ်ကန်စီအား မြေလွှာလေ့လာမှု Top Map ထုတ်ခြင်း တူးဖော်သုတေသနလုပ်ခြင်းများ ဆောင်ရွက်သည်။ ရေကန်များတွင် စမ်းသပ်တူးဖော်မှုအရ မူလရှေးဟောင်း ကန်ပေါင်များ၊ သဘာဝရေဝင်ရေထွက်လမ်းကြောင်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် ဂရုပြုဆောင်ရွက်သကဲ့သို့ မြကန်မှကျုံးအထိ အဆင့်ဆင့်စီးဆင်းနေသော ရှေးဟောင်းရေလမ်းကြောင်းများရှိ သဲ၊ နုန်းပို့ကျမှုများ၊ ပိတ်ဆို့နေမှုများကို ရှင်းလင်းဖယ်ရှားပြီး ရေစီးရေလာကောင်းစေရန်၊ ပုဂံခေတ်ကတည်းက ရှိခဲ့သော ရေစီးစနစ်ကြီး ပြန်လည်သက်ဝင်လှုပ်ရှားစေရန်ပါ တစ်ပါတည်း ဆောင်ရွက်သည်။ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသာမက အခြားဆက်စပ်ဌာနများဖြစ်သော နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကလည်း ပူးပေါင်းပါဝင်ကူညီ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ပုဂံဌာနခွဲမှ ဝန်ထမ်းများက ရေကန်များတူးဖော်ရာတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့မှုဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုလိုအချိန်ကာလတွင် ရှေးဟောင်းရေကန်များ မတိမ်ကော မပပျောက်စေရန်နှင့် ပုဂံဒေသရှိ ပြည်သူလူထုနှင့် အိမ်မွေးတိရစ္ဆာန်များ လိုအပ်ပါက ရေအသုံးပြုနိုင်စေရေးနှင့် ရေကန်ကြီးများမှရေသွယ်တန်းစီးဆင်းသည့် ရေလမ်းကြောင်းများ ဖော်ထုတ်နိုင်ခြင်းဖြင့် စေတီပုထိုးများ၏ အတွင်းအပြင် ပရဝဏ်တို့တွင် ရေများ မဝပ်ခြင်း၊ ရေစီးရေလာကောင်းမွန်လာစေခြင်းကြောင့် ရှေးနှစ်ပေါင်းများစွာက ဘိုးဘေးများတည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများအား ပျက်စီးထိခိုက်နိုင်မှုကို လျော့ပါးလာစေမည်ဖြစ်သည်။

ရေတွင်း၊ ရေကန် တူးဖော်ကုသိုလ်ယူခြင်းအားဖြင့်-

၁။ အသက်ရှည်ခြင်း

၂။ အဆင်းလှခြင်း

၃။ ချမ်းသာကြီးခြင်း

၄။ ခွန်အားဗလကြီးခြင်း

၅။ ဉာဏ်ပညာကြီးခြင်း

၆။ စိတ်၏စင်ကြယ်ခြင်း

၇။ ကိုယ်၏သန့်ရှင်းခြင်း

၈။ ဂုဏ်သတင်းကျော်စောခြင်း

၉။ ငတ်မွတ်ခေါင်းပါးခြင်းတို့မှ လွတ်မြောက်ခြင်း

၁၀။ အခြေအရံပေါ်များခြင်း

အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

ထို့ပြင် ရေလှူဒါန်းရခြင်းအတွက်လည်း-

၁။ သန့်ရှင်းစင်ကြယ်ခြင်း

၂။ ထင်ရှားကျော်ကြား လူသိများခြင်း

၃။ အခြေအရံပရိသတ်ပေါ်များခြင်း

၄။ သွက်သွက်လက်လက်လျင်မြန်ခြင်း

၅။ ဆာလောင်မွတ်သိပ်မှုကင်းခြင်း

၆။ အသက်ရှည်ခြင်း

၇။ အဆင်းလှခြင်း

၈။ ချမ်းသာကြီးခြင်း

၉။ ခွန်အားဗလကြီးခြင်း

၁၀။ ဉာဏ်ပညာကြီးမားခြင်း

၁၁။ တောင်ထိပ်မြေပြင် သစ်ပင်ဖျားကောင်းကင်တို့၌ပင် ရေကိုလျင်မြန်စွာ ရနိုင်ခြင်း

၁၂။ မိုးခေါင်သောအရပ်၊ နေပူလွန်းသောအရပ်၊ ရေရှားသော အရပ်ဒေသတို့၌ မဖြစ်ရခြင်း

၁၃။ အလိုရှိ၍ တလိုက်လျှင် မိုးရွာပေးခြင်း

၁၄။ ခန္ဓာကိုယ်၌ ပူလောင်မှု အိုက်စပ်မှု မရှိခြင်း

၁၅။ ခန္ဓာကိုယ်၌ မြူမှုန်မကပ်ငြိခြင်း

၁၆။ အထူးစင်ကြယ်သောစိတ်ရှိခြင်း

၁၇။ ယုတ်မာသောစိတ်ထားမှကင်းရှင်းခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်သည်။

ထို့ကြောင့် ယခုလို အချိန်ကာလတွင် မိမိတို့တတ်အားသရွေ့ အလှူငွေများ ထည့်ဝင်ကာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ နှစ်ပေါင်းကိုးရာကျော်ကာလမှတစ်ကြိမ် ရေကန်များ ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်သည့် အခွင့်အရေးအား လက်မလွတ်စေရေး ကုသိုလ်ပြု၍ **"သဒ္ဓါကြည်ဖြူ ရေကန်များဆယ်လှူ ကုသိုလ်ယူ"** နိုင်ခွင့်အား တိုက်တွန်းနိုးဆော်အပ်ပါသည်။ ။

**အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-**

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ၃၂ ဒီ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၆၁၈၃၂

၂။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း-၀၉-၂၅၉၁၄၅၆၅၁

၃။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဖုန်း- ၀၆၇-၃၄၀၈၄၅၁

**ကိုးကား**

၁။ ချစ်သိန်း၊ ဦး - မွန်ကျောက်စာပေါင်းချုပ်၊ ၁၉၆၅ ခုနှစ်၊ ရန်ကုန်။

၂။ မင်းဘူးအောင်ကြိုင်- မြတ်ဘုရားရွှေစည်းခုံ လက်ရာစုံ၊ ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်၊ ရန်ကုန်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် ဧပြီ ၂၉

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းနှင့် အမှုထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံးအမှတ်(၁)၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၁ ဦး တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် မိမိတို့ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏မူဝါဒများ၊ ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အခြေခံသဘောတရားများကို သေသေချာချာသိရှိနားလည်စေရန် လိုအပ်ပါကြောင်း၊ သင်တန်းပြီးချိန်တွင် သင်တန်းသားများအနေဖြင့် Group Presentation များကို အုပ်စုလိုက်လက်တွေ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်နှင့် မိမိတို့ဝန်ကြီးဌာနအပေါ် သစ္စာစောင့်သိ၍ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ ဝန်ထမ်းလက်စွဲနှင့်အညီ စနစ်တကျ၊ စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန်မှာကြားလိုပါကြောင်း၊ ယခုသင်တန်းမှ စွမ်းဆောင်ရည်ပြည့်ဝသော အရာထမ်း/အမှုထမ်းကောင်းများ မွေးထုတ်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိဆိုသည့်အချက်များနှင့် ပြည့်စုံသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ပါစေကြောင်းနှင့် ယခုသင်တန်းကို အလေးအနက်ထား၍ တက်ရောက်စေလိုကြောင်း ပြောကြားသည်။




အဆိုပါသင်တန်းကို ဧပြီလ ၂၉ ရက်မှ ဇွန်လ ၁၇ ရက်အထိ In Person ၂၂ ဦး၊ Online ဖြင့် ၂၉ ဦး စုစုပေါင်း ၅၁ ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲဘာသာရပ်နှင့် ဝန်ထမ်းများသိရှိထားရမည့် ဘာသာရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများနှင့် သင်တန်းနည်းပြများအား ဖိတ်ခေါ်၍ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၉

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပိုက်ကျော်ခြင်းအားကစားနည်းကို ပြည်သူများစိတ်ပါဝင်စားလာအောင် သင်တန်းများ၊ ပြိုင်ပွဲများ များစွာပြုလုပ်ပေးရန်လိုအပ်ကြောင်း၊ နေပြည်တော်ကိုယ်စားပြုပိုက်ကျော်ခြင်းအသင်းသည် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့ပြီး နေပြည်တော်၏ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် အားကစားနည်းလည်းဖြစ်ကြောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်းသည် နည်းစနစ်ကိုအခြေခံပြီး တစ်ဦးချင်းကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ သက်လုံနှင့်ကြံ့ခိုင်မှုတို့ ပြည့်ဝရန်လိုသည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ အပေးအယူမျှမျှနှင့်ယှဉ်ပြိုင်ကစားရသည့် အားကစားနည်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့အသင်းအနိုင်ရရှိစေရန် အနိုင်မခံ အရှုံးမပေးဘဲ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာစေရန် ကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားပြီး ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဇေယျာသီရိမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

**၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဧပြီလ ၂၉ ရက်မှ မေလ ၃ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်**ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ရန်ကုန် ဧပြီ ၂၉

# လှိုင်သာယာမြို့နယ်များ ဖွံ့ဖြိုးရေး ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းထောင့်ရှိ တိုးချဲ့ဘုရင့်နောင်ပန်းခြံရှေ့ ရန်ကုန်-ပုသိမ်လမ်းဘက်ခြမ်းတွင် အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ ဆောင်ရွက်နေသည့် အုတ်ရေမြောင်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်၍ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းအင်အား ၁၀၀ ဖြင့် လမ်းဆုံအဝိုင်း၊ တက္ကသိုလ်အဝင်လမ်းဝဲ/ယာနှင့် လမ်းလယ်ကျွန်းတို့တွင်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ပန်းအလှပင်များဖြတ်ညှိပုံသွင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းထောင့်ရှိ တိုးချဲ့ဘုရင့်နောင်ပန်းခြံရှေ့ ရန်ကုန်-ညောင်တုန်းလမ်းဘက်ခြမ်းတွင် အုတ်ရေမြောင်းတည်ဆောက်နေမှု၊ စုဝေးခန်းမတည်ဆောက်နေမှု၊ ပန်းခြံအတွင်း ပွဲကြည့်စင်နှင့် ပျော်ပွဲရွှင်ပွဲကျင်းပရန်နေရာမြေပြုပြင်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇) ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင် အုတ်ရေမြောင်းဆောင်ရွက်ထားရှိမှုနှင့် လှိုင်မြို့နယ် (၁၅)ရပ်ကွက် သီရိမွန်လမ်းတစ်လျှောက် သမိုင်းချောင်းနှင့် သီရိမင်္ဂလာဈေးသစ်ကြီးအနီး ပိတောက်ချောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေစီးရေလာကောင်းမွန်စေရေး မြစ်ထွက်ပေါက်တို့အထိ ဆယ်ယူရှင်းလင်းရန်နှင့် ချောင်းဘေးဝဲ/ယာ ချုံနွယ်များရှင်းလင်းရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၂၈° C | / | ၄၀.၀° C |
| ရန်ကုန် | ၂၆° C | / | ၃၉.၅° C |
| မန္တလေး | ၃၁° C | / | ၄၄.၅° C |

လျှပ်စစ် မီးကို ချွေတာ သုံးစွဲပါ

အဖိုးတန် ရေချိုကို ချွေတာ ကြပါစို့

နေပြည်တော် ဧပြီ ၂၉

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) ဖွင့်လှစ်



ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များဖန်တီးပေးရန်၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေး လုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားချက်ကို ယနေ့ သင်တန်းတက်ရောက်လာကြသည့် သင်တန်းသားများက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် စာဖတ်ခြင်းကို အလေးထားပါကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးသည် များပြားသည့်အတွက် စာဖတ်ရှိန်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လူငယ်၊ ပညာရေးကဏ္ဍနှင့် စာကြည့်တိုက်သည် အရေးကြီးသည့် ကဏ္ဍကြီးများ ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုသည် အရေးကြီးသကဲ့သို့ ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရေးသည်လည်း အရေးကြီးသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် သင်တန်းနှစ်စဉ်ဖွင့်လှစ်၍ ဝန်ထမ်းများအား လေ့ကျင့်ပေးမှုအားကောင်းသည့် ဌာနအဖြစ်လည်း အသိအမှတ်ပြုပါကြောင်း၊ ဌာန၏လုပ်ငန်းများကို အမှန်တကယ်ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် ဦးတည်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄)ကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များသည် ဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်တွေ့အသုံးပြုရမည့် ဘာသာရပ်များကို ထည့်သွင်းရေးဆွဲပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည်အထိ သင်ယူပြီး မိမိတို့နှင့်အတူ လက်တွဲထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဦးစီးအရာရှိ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကို မေလ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး(အမှုထမ်း) သင်တန်းအမှတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲကျင်းပ



ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (အမှုထမ်း)သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၅၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညီလာခံခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို သိရှိနိုင်စေရန်နှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်ဆန်၊ မှန်ကန်စွာ ဆောင်ရွက်တတ်စေရန်၊ စားသုံးသူကာကွယ်ရေးဥပဒေအပါအဝင် စာသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ သိရှိဆောင်ရွက်နိုင်စေရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြင့်တက်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချသည့် သင်တန်းဖြစ်ကြောင်း၊ သင်ကြားပေးမည့် သင်ခန်းစာများကို လေ့လာသင်ယူမှတ်သားခြင်းအပြင် လက်ရှိဖြစ်ပေါ် ပြောင်းလဲနေသော ကုန်သွယ်မှုဗဟုသုတ၊ ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များကိုလည်း လေ့လာရန်လိုအပ်ကြောင်း၊ ဝန်ထမ်းဆိုသည်မှာ အဖွဲ့အစည်းနှင့်ဆောင်ရွက်နေရသည့်အတွက် အဖွဲ့အစည်းအတွင်း တာဝန်ခွဲဝေယူတတ်ခြင်း၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အဖွဲ့အစည်းနှင့်လုပ်ဆောင်တတ်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုစသည့် စိတ်ဓာတ်ကောင်းများရှိရန် သင်တန်းဖွင့်လှစ်ပို့ချ လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ပညာဟူသည် မည်သည့်အခါမှ ပြီးပြည့်စုံသည်ဟူ၍မရှိသဖြင့် ပညာကိုရှာဖွေဆည်းပူးနေရမည်ဖြစ်ကြောင်း၊ ပညာဆည်းပူးရာတွင် ဘာသာရပ်ဆိုင်ရာ ပညာရပ်တစ်ခုတည်းကို လေ့လာသင်ကြားခြင်းမျိုးမဟုတ်ဘဲ လက်ရှိထုတ်ပြန်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်း နားလည်သိရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြပြီး သင်တန်းသို့ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ သင်တန်းသား ၁၅၀ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန် အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်း ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) အတွင်း လှည့်လည်ကြည့်ရှုစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် ဥပဒေပညာရပ်များ ရှာမှီးနိုင်သည့် ဗဟုသုတဗိမာန်ကြီးတစ်ခုအဖြစ် ရေရှည်တည်တံ့အောင်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းကြီးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများအတွက် အောင်မြင်တိုးတက်မှု ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပိုမိုကောင်းမွန်သည့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှု၊ ဥပဒေအသိပညာပေးသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းဖွင့်လှစ်ခြင်းဖြင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများကို ပိုမိုဖွင့်လှစ်သင်ကြားနိုင်မည်ဖြစ်သောကြောင့် ဥပဒေအသိပညာပြန့်ပွားပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သင်တန်းကျောင်းအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) အတွင်းလှည့်လည်ကြည့်ရှုစဉ်။

❖ ဥပဒေအသိပညာပြန့်ပွားစေရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အပြင် အဂတိလိုက်စားမှုကင်းစင်သောနိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိနိုင်မည်ဖြစ် . . .






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများမဖြစ်မနေသိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ် . . .

❖ မိမိတို့နိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်းသိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေ၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင်မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ် . . .

✯ ရှေ့ဖုံးမှအဆက်

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သင်တန်းကျောင်းကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အဆောက်အအုံသစ်နှင့်စပ်လျဉ်းသည့် Video Clip ကိုကြည့်ရှုကြပြီး အဆောက်အအုံနှင့်သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဇင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများမဖြစ်မနေသိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စတင်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝတိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခေတ်စနစ်နှင့်လျော်ညီစေမည့်ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတော်၏ရှေ့ဆက်ရမည့် လုပ်ငန်းများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများအကြား ဥပဒေအသိပညာပြန့်ပွားရေးကို ရည်ရွယ်ပြီး ဥပဒေဝန်ဆောင်မှုလုပ်ငန်းများကို ပုံသဏ္ဌာန်မျိုးစုံဖြင့် အကောင်အထည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဖော်ပေးရခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center)သည် ဥပဒေအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည့် နေရာတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် နေရာတစ်ခုဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ **လူတိုင်းလူတိုင်းဥပဒေပညာရှင်မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာရှိကြရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှုဆောင်ရွက်သူများအနေဖြင့် ဥပဒေကိုနားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းနှင့်အပြစ်ကင်းစင်ပြီး အကျိုးရှိမှန်ကန်ထိရောက်သည့်လုပ်ရပ်များနှင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာ(ဥပဒေ)ပညာဘွဲ့ B.A(Law)ပညာသင်ကြားနေပြီး အဓိကကျသည့် တက္ကသိုလ်များတွင် ဥပဒေဘွဲ့(LLB) ပညာသင်ကြားပေးနေကြောင်း၊ ယခုထက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မွေးထုတ်ပေးလိုက်သည့် ဥပဒေပညာရှင်များသည် နိုင်ငံတကာတွင် ရင်ဆိုင်ယှဉ်ပြိုင်နိုင်သည့် အကျော်ဇေယျများဖြစ်သည်အထိ လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အားဂါရဝပြုပေးအပ်စဉ်။

**နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍများကို ဆောင်ရွက်ကြရာတွင် ဂုဏ်သိက္ခာရှိရှိဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် ဥပဒေအရာရှိများကို ခန့်အပ်တာဝန်ပေးနိုင်ရန်လိုအပ်**ကြောင်း၊ ယခုဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် လုပ်ငန်းခွင်လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားစေရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အပြင် အဂတိလိုက်စားမှုကင်းစင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း။

ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းစဉ်များကိုယခုထက်ပိုမိုအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်ကောင်းမွန်သည့် နည်းဗျူဟာများချမှတ်ဆောင်ရွက်ရန်နှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းတွင် တက်ရောက်လေ့လာသင်ယူကြမည့် နိုင်ငံ့ဝန်ထမ်းများ၊

**စာမျက်နှာ ၁၅ သို့** ☆



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးထံ အဆောက်အအုံနှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို လွှဲပြောင်းပေးအပ်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW April 29

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at opening of Legal Advocacy Center





Senior General Min Aung Hlaing watches the video clip of the Legal Advocacy Center building.

A ceremony to open Legal Advocacy Center (LAC) of the Ministry of Legal Affairs took place at the center in Zawana Theikdi Ward of Ottarathiri Township in Nay Pyi Taw Council Area this morning, with an address by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony were SAC Joint Secretary Lt-Gen Ye Win Oo and council members, Union-level dignitaries, Union ministers, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, deputy ministers, advocate-generals of regions and states, departmental officials and guests.

SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo and Admiral Tin Aung San, Union Minister for Legal Affairs and Attorney-General of the Union Dr Thida Oo and Union Minister for Construction U Myo Thant cut the ribbon to open the archway of the center.

The Senior General pressed the button to open the center and posed for documentary photos together with attendees.

The Senior General sprinkled scented water on the plaque of the center.

The Senior General and attendees watched a video clip on the building. The Union Minister for Construction handed over the handover book on the building to the Union Minister for Legal Affairs.



Senior General Min Aung Hlaing speaks at the opening ceremony of the Legal Advocacy Center.



Senior General Min Aung Hlaing inspects a lecture room of the Legal Advocacy Center.

The Union Minister for Legal Affairs and Attorney-General of the Union presented the gifts to mark the opening of center to the Senior General.

Speaking on the occasion, the Senior General said: Law is essential for a country and it is a provision all citizens and people from the country have to follow. Since its assumption of taking State responsibilities under the Constitution, the State Administration Council is carrying out peace and stability of the nation and rule of law, enhancement of State economy, and improvement of socio-economic development of the entire people by adopting the policies, enactment, amendment, revocation and addition of laws and rules suitable for the current era.

The Ministry of Legal Affairs playing a key role in the Union government is serving legislative, administration and judicial affairs of the State. The ministry is implementing the legal services in various forms to disseminate legal knowledge among the people in order to ensure rule of law.

Hence, the Senior General said he took pride in initiating the Legal Advocacy Center to emergence of a venue to disseminate legal knowledge on a wider scale, and it is a beneficial venue for the State.

As Myanmar is striving for strengthening the genuine, disciplined multi-party democratic system and building a Union based on democratic and federal systems, all citizens have to understand the law. Hence, it is necessary to teach

See Page - 19►►

◄◄ From Page - 18

law subject and educate the people with legal knowledge. Although everybody cannot become legal experts, only when they all have legal knowledge can they apply it in enhancement of socio-economic life of the people. Individuals need to have legal knowledge for peace and stability of the nation, rule of law and socio-economic development. Those from management sector in serving administration measures need to have high skills of legal affairs and abide by it. If so, they can serve interests of the State and the people with effective efforts without wrong doings. Hence, all arts and science universities are ordered to teach law subjects for conferring BA (Law) degree on graduates and other significant universities have to train the students to get LLB degree. They all have to make greater efforts for widening the legal knowledge than now. Legal experts produced by Myanmar must be excellent in keeping abreast of those from international community.

It is necessary to appoint qualified law officers for successfully serve legislative, executive and judicial affairs with prestige. Thanks to the center, State service personnel and those in legal affairs career will have greater chances for pursuing legal knowledge on-job training. Sharing legal knowledge can contribute to implementation of rule of law and justice affairs on one hand as well as emergence of a country with free from corruption.

The Senior General stressed the need to adopt effective tactics for successfully implementing the legal knowledge dissemination processes and ensure long-term existence of the center as a venue for State service personnel and those in legal affairs career to make further studies on legal knowledge.



Ribbons being cut to open the Legal Advocacy Center.

The newly-opened center is a milestone of the Ministry of Legal Affairs as well as a symbol for the victory of disseminating legal knowledge. The Senior General urged all to enhance undertakings of better legal knowledge dissemination processes.

Union Minister for Legal Affairs and Attorney-General of the Union Dr Thida Oo reported on undertakings of legal affairs, and conducting of legal knowledge courses. She thanked the government and relevant ministries for opening of the center to conduct more courses on legal knowledge dissemination so as to contribute to peace and stability of the State and rule of law.

The Senior General and attendees viewed round the center.

**100**

●● From Page - 21

honorary cash rewards for them.

The Vice-Senior General also presented cash rewards for defence service medical personnel at the hospital to the commandant.

Then, the Vice-Senior General and party delivered an address to chief ministers of Kayin State and Mon State and departmental officials in Mawlamyine in the afternoon.

During the meeting, the Vice-Senior General said Kayin and Mon states are border areas which host important border trade gates and pointed out the needs to boost the relations and border trade between the two counties. In connection with the ongoing violence, the Vice-Senior General pointed out the needs to make trilateral co-operation among the government, the Tatmadaw and the people, for responsible officials to mobilize local residents for regional stability as success can be achieved with the cooperation of local residents, to cooperate with the Tatmadaw to prevent infiltration of insurgency into already stable towns and villages out of security awareness, to coordinate education and healthcare tasks for students and local residents in Kayin and Mon state so that students can study peacefully, to adjust political, defence and economic affairs as they are directly interrelated and to make effective efforts for development of MSME as they are important for the economy of the country.

Then, chief ministers of Kayin and Mon states and responsible officials reported to the Vice-Senior General on regional factors of states, stability of border areas, stability of border areas and security matters, opening of temporary camps for IDPs and provision of basic needs and funds for them, rehabilitation and demining in towns and villages by terrorists, measures taken to enable students to study peacefully in the upcoming academic year, granting loans for MSMEs, implementation of agriculture and livestock breeding tasks and development of work plans for local products such as rubber and paddy and the Vice-Senior General discussed the needs the coordinated them with responsible officials.

Also in the afternoon, the Vice-Senior General gave instructions on matters related to operations, territorial control and security with commanders and officers from station at the meeting hall of the South East Command.

**100**

COURSE

# YGEA to open gold training course

The Yangon Gold Entrepreneur Association (YGEA) will open the 32nd gold training course for free on 2 May at the office of the YGEA located in Pabedan Township, Yangon. The training will last for ten days until 11 May.

The report states that the YGEA will also provide the 13th intake of knowledge-sharing sessions on money laundering and terrorism financing, which will share the following knowledge: money laundering, gold-digging, gold purifying, pure gold market trading, basic knowledge on calculation for opening gold shop, goldsmith, applied gold mathematics, gold pawn shop, gold and silver coins, and gems and gold shop opening respectively.

Application forms to attend the training can be obtained from the YGEA. Interested applicants can submit the application forms with three photos. However, the report states that the training will only be available for limited seats.

The Anti-Money Laundering Central Body (AMLCB) of the Ministry of Home Affairs issued Directive No 2/2022, of which Section 3 (g) of Chapter 2 prescribes that precious stone trading licence will be granted only for those who have the certificate of accomplishing the training of combating money laundering and terrorism financing.

The YGEA submitted a total of 21 applications for getting precious stone trading licences to the registration offices in Pabedan, Lanmadaw and Latha townships on 1 April 2023.

**SMK**

AGRICULTURE

# Locals in Kawlin District harvest 13,081 acres of winter sunflowers

Locals in Kawlin District, Sagaing Region, have completed harvesting of 13,081 acres of sunflowers planted during the winter crop season, according to the Department of Agriculture for Kawlin District.

Now, during the 2023-2024 winter crop planting season, the sunflower fields planted in Kawlin District have been harvested since February of this year. So far, 13,081 acres have been harvested and 31.89 baskets per acre have been produced.

"Sunflower is mainly planted in the winter. In order to reduce palm oil imported from abroad, we will expand the cultivation of sunflower, which is an oil crop. Sunflower produces more oil per acre than peanuts and sesame," said U Win Thein, head of the Department of Agriculture for Kawlin District.

The completion of sunflowers harvesting by townships in Kawlin District is as per following: 11,224 acres in Kawlin Township, 1,008 acres in Wuntho Township, and 849 acres in Pinlebu Township.

In 2023-2024 winter crop planting season, 13,081 acres of winter sunflowers were earmarked for cultivation in Kawlin District.

**SK**

CHINA

# China's right to cooperate with Russia should not be restricted - Foreign Ministry

China has a right to normal trade and economic cooperation with Russia, which should not be interfered with and undermined, Chinese Foreign Ministry spokesman Lin Jian said on Monday.

"China's right to engage in normal trade and economic relations with all countries of the world, including Russia, on the basis of equality and mutual benefit should not be interfered with or undermined," Lin told a press briefing.

The US is constantly supplying Ukraine with arms, while at the same time making baseless accusations about normal economic ties between China and Russia, the spokesman added.

"China's legitimate rights and interests should not be violated, and we call on the US to stop denigrating China and exerting pressure, stop shifting blame, stop indiscriminately imposing unilateral sanctions on Chinese companies, and actually play a constructive role in bringing the crisis to the earliest end," he said.

On Friday, US Secretary of State Antony Blinken said that the United States was prepared to take measures against China beyond those already taken if Beijing did not stop supporting Russia.

The West stepped up sanctions pressure on Russia after the start of Moscow's military operation in Ukraine in February 2022. It has also recently started imposing sanctions on third parties allegedly cooperating with Russia in the military field or helping Moscow circumvent existing sanctions.

**Sputnik**

CAMBODIA

# Cambodian schools asked to keep kids out of sun amid extreme heat

Cambodia's Ministry of Education on Monday asked all schools across the Southeast Asian country to keep children out of the sun after the temperature hit a record high last week.

"Students must be advised to play in the shade or to stay in their classrooms during break times," Minister of Education, Youth and Sports Hang Chuon Naron said in an instruction released to the educational authorities across the country.

He asked school officials to tell students to drink plenty of water, and avoid staying out in the sun for too long without sunshades.

Chuon Naron, also a deputy prime minister, said students should wear loose, lightweight, and white or light-colored clothing to protect them from skin burns.

He also advised school officials to spray waters on school building's roofs and campuses to reduce the effect of heatwave, and asked students to avoid exercising or playing sports in the sun.

Chan Yutha, a spokesperson and secretary of state for the Ministry of Water Resources and Meteorology, said last week that Cambodia had recorded the highest-ever temperature in this hot season in about 170 years.

According to the ministry's weather forecast, the temperature in some provinces in northern, northeastern, northwestern, central and southern parts of the country reached 43 degrees Celsius on Monday, and this "alarming" level will last till Tuesday and Wednesday.

Yutha said temperatures will start to drop in early May, as rainfall is predicted. **Xinhua**

KENYA

# Dam rupture in Kenya leaves dozens dead



A man walks next to a damaged car in an area heavily affected by torrential rains and flash floods in the village of Kamuchiri, near Mai Mahiu, on April 29, 2024.

At least 42 people lost their lives following a dam breach in Kenya owing to severe rains and flooding, the governor of Nakuru County, Susan Kihika, told the news agency AFP on Monday.

The dam that ruptured was located close to the town of Mai Mahiu in Nakuru County. Houses were destroyed and roads were blocked as a result of the incident.

"Forty-two dead, it's a conservative estimate. There are still more in the mud, we are working on recovery," Kihika said.

On Monday, government spokesperson Isaac Maigua Mwaura stated that the incident occurred amid widespread flooding in the country, which has claimed at least 103 lives and displaced thousands since March.

East Africa has been plagued by nearly constant downpours in recent weeks as the El Nino phenomenon has exacerbated seasonal rainfalls.

El Nino is a naturally occurring phenomenon that creates a domino-like weather effect in various parts of the world. In East Africa, it is normally associated with elevated levels of rainfall. **RT**

INDIA

# Two deaths amid heat wave in south India, says media report

Two people died in India's southern state of Kerala reportedly due to the prevailing heat wave conditions with the mercury hitting 42 degrees Celsius, about 5 degrees Celsius above normal during this time of year.

According to an India Today report on Sunday, the two people died of sunstroke because of the extreme heat wave.

One of the deceased was identified as a 90-year-old woman, and the other a 53-year-old man. Officially it was not yet confirmed if the deaths occurred as a result of heatstroke.

"The real cause of death shall be known after conducting the due medical processes," said senior official at the Kerala State Disaster Management Authority (KSDMA) Sekhar Lukose Kuriakose.

Speaking to Xinhua over phone, Kuriakose added, "Postmortem on both the deceased persons has been done. The final reports are awaited. We will confirm deaths due to heatstroke only after we receive the postmortem reports. It might take a day or two."

Entire south India, including the states of Kerala, Tamil Nadu, Andhra Pradesh and Telangana, and the eastern state of Odisha were suffering heat wave conditions in the past few days.

Meanwhile, on Monday the KSDMA said that thunderstorm with light-to-moderate rainfall and gusty winds with speed up to 40 km per hour is likely to hit several places in Kerala's districts of Thiruvananthapuram, Kollam, Alappuzha, Kottayam, Idukki and Ernakulam.

**Xinhua**

PALESTINE

# At least 20 killed in Israeli airstrikes on Rafah

At least 20 Palestinians were killed Sunday night in Israeli airstrikes on three residential buildings in the southern Gaza Strip city of Rafah, Palestinian official news agency Wafa reported on Monday.

The victims include children and women, Palestinian medical sources told Xinhua.

Many others were still trapped under the rubble, local sources told Xinhua, adding that civil defense crews were working to rescue them.

The strikes took place just ahead of the new round of truce talks between Hamas leaders and Egyptian mediators in Cairo.

A Hamas delegation is scheduled to visit Cairo on Monday, to deliver the movement's response regarding a ceasefire in Gaza and to negotiate a hostage-for-prisoner swap deal with Israel, according to a source from the movement.

The source, who preferred not to mention his name, added that the delegation is headed by Khalil Al-Hayya, the Hamas deputy chief in Gaza.

The Israeli army killed 66 Palestinians and wounded 138 others during the past 24 hours, bringing the total death toll to 34,454 and injuries to 77,575 since the Israeli-Palestinian conflict broke out on Oct. 7, 2023, the Hamas-run Health Ministry said in a statement on Sunday.

**Xinhua**

NAY PYI TAW April 29

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win speaks words of encouragement to officers, other ranks who sustained injuries during performance of national defence and security duties, meets departmental officials in Kayin, Mon states



Vice-Senior General Soe Win meets chief ministers and departmental officials from Kayin and Mon states.

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win speaks words of encouragement to officers, other ranks who sustained injuries during performance of national defence and security duties.

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Lt-Gen Nyunt Win Swe of the Office of the Commander-in-Chief (Army), the commander of the South East Command and senior military officers, visited and spoke words of honour and encouragement officers and other ranks, who were receiving treatments at the local defence services hospital in Mawlamyine in Mon State for injuries sustained during their performance of national defence and security duties, this morning.

First, the Vice-Senior General and party arrived at the local defence services hospital in Mawlamyine, where the commandant of the hospital and officers welcomed them.

Then, the Vice-Senior General and party cordially asked after officers and other ranks, who were receiving treatments after sustaining injuries during their performance of national defence and security, about their injuries, medical treatments and recoveries individually and spoke words of encouragement to them.

Afterward, the Vice-Senior General and party coordinated the needs of the officers and other ranks and presented

See Page - 19 ●●



Vice-Senior General Soe Win comforts a patient.



Vice-Senior General Soe Win comforts a patient.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော် ဧပြီ ၂၉

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် (H.E. Mr. Wang Xiao Hong) ၏ ဖိတ်ကြားချက်အရ ဧပြီလ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr. Chen Hai၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် Beijing Capital အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာ (Lhasa) မြို့သို့ထွက်ခွာခဲ့ရာ Lhasa Gongga လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိခဲ့ပြီး တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ကျူးရှိုခဲ (Mr. Zhu Shouke) ဦးဆောင်သောအဖွဲ့က ကြိုဆိုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး မစ္စတာ ကျန်းဟုန်ပေါ် (Mr. Zhang Hongbo) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ဝန်ကြီးအဆင့်သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲတပ်ဖွဲ့မှူး Mr. Zhang Hongbo တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဧပြီလ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ UNESCO စာရင်းဝင် အထင်ကရနေရာတစ်ခုဖြစ်သည့် Potala Palace နှင့် တာ့ကျောင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ထို့နောက် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကောလိပ်သို့သွားရောက်ပြီး သင်တန်းသားများ၏ လက်တွေ့လေ့ကျင့်မှုအစီအစဉ်များကိုလည်းကောင်း၊ ကျားရှီး (Zhaxi)ရဲစခန်းသို့သွားရောက်ပြီး အမျိုးသားမှတ်ပုံတင်ကတ်ပြုလုပ်ခြင်းနှင့် ရဲလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိဗက်ပြည်နယ် အကြမ်းဖက်မှုနှိမ်နင်းရေးဌာနသို့ သွားရောက်ပြီး မိုင်းရှင်းလင်းရေးလေ့ကျင့်ခန်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစီးနင်းဝင်ရောက်နှိမ်နင်းမှု လေ့ကျင့်ခန်းများနှင့် လက်ဖြောင့်တပ်သားများ၏ လေ့ကျင့်ပစ်ခတ်မှုများကိုလည်းကောင်း လေ့လာခဲ့ကြသည်။

ဧပြီလ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာ (Lhasa) မြို့မှ စီချွမ်းပြည်နယ် ချန်ဒူးမြို့သို့ထွက်ခွာခဲ့ရာ ချန်ဒူးမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့သို့ ဆက်လက်ထွက်ခဲ့ရာ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ရောက်ရှိခဲ့ကာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကွမ်တုံးပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ဟွမ်ကော်ဟွေး (Mr. Huang Guohui) ဦးဆောင်သောအဖွဲ့က ကြိုဆိုခဲ့ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကွမ်တုံးပြည်နယ် ရဲတပ်ဖွဲ့မှူး မစ္စတာ လျိုကော်ကျိုး (Mr. Liu Guozhou) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပပျောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ နယ်စပ်နေပြည်သူများ ဘေးကင်းလုံခြုံရေး၊ နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆက်ဆံနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးမြစ်အတွင်း လှည့်လည်လေ့လာခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အပြုသဘောဆောင်သည့်ရလဒ်များကိုရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ Yangon International Gateway Terminal (YIGT) မှ ပြောင်းဖူးစေ့တန်ချိန် ၉၂၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တင်ပို့ခဲ့သည်။

ထို့ပြင် အေးရှားဝေါဆိပ်ကမ်း (AWPT-3)မှ သဘော်တစ်စင်းသို့ ရေထွက်ကုန်၊ ဆန်၊ ပဲများတင်ဆောင်လျက်ရှိသည်။ အလားတူ အေးရှားဝေါဆိပ်ကမ်း (AWPT-3) နှင့် သီလဝါဆိပ်ကမ်း (Myanmar International Terminal Thilawa) တို့မှ သဘော်သုံးစင်းဖြင့် ရေထွက်ကုန်၊ ဆန်၊ ပဲ၊ ချုပ်ပြီးအထည်၊ သစ်တောထွက်၊ သကြား၊ နှမ်း၊ အထွေထွေကုန်ပစ္စည်းများ၊ ကုန်သေတ္တာအခွံ၊ ပြောင်း၊ ရော်ဘာတို့ တင်ဆောင်ထွက်ခွာသွားကြောင်း သိရသည်။

ထို့အတူ ဧပြီလ ၃၀ ရက်**(ယနေ့)**တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT-3) မှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀၊ မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀၊ ဆူးလေဆိပ်ကမ်းမှ ပြောင်းဖူးစေ့ တန်ချိန် ၄၄၄၀၀ နှင့် ဆန်တန်ချိန် ၇၅၀၀၊ မေလ ၁ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal -TMT 3) မှ ပြောင်းဖူးစေ့တန်ချိန် ၆၀၅၀၊ မေလ ၃ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT 2) မှ ပြောင်းဖူးစေ့



တန်ချိန် ၂၇၅၀၀၊ Yangon International Gateway Terminal (YIGT) မှ ပြောင်းဖူးစေ့တန်ချိန် ၉၄၀၀ နှင့် မေလ ၅ ရက်တွင် ဆူးလေဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (AIPT-1)မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဖူလုံရေးရုံး အဆောက်အအုံသစ်နှင့် ဆေးခန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။




အခမ်းအနားသို့ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရုံးနှင့်ဆေးခန်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မြို့နယ်ရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအာမခံ(Social Insurance) စနစ်အရ လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံးအကျုံးဝင်လာစေရေး မဟာဗျူဟာရည်မှန်းချက်တစ်ရပ်ချမှတ်၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းထည့်ဝင်ကြေးများနှင့် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ငွေလက်ငင်းအကျိုးခံစားခွင့်များအား ခံစားရရှိနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူလက်လှမ်းမီရယူနိုင်စေရန် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများအပြင် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူလက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု ထောက်ပံ့ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် Capitation Payment စာချုပ်ဆေးခန်း ၁၅ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၄၉ ခန်း၊ Specialist OG OPD ပြသနိုင်သောဆေးခန်း ၃၈ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၅ ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၂၇၁၅၇ ဦးအတွက် လူမှုဖူလုံရေးဆေးခန်း ၁၀ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်းသုံးခန်း၊ Capitation Payment စာချုပ်ဆေးခန်း တစ်ခန်းနှင့် Specialist OG OPD ပြသနိုင်သောဆေးခန်း တစ်ခန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၀၉ ဦးကို ဆေးဖိုးငွေကျပ် ၂၄၄ ဒသမ ၅၆၄ သန်း ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ မြို့နယ်ရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်တို့အား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၆၉ ဒသမ ၉၇၃ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့်သွားရောက်မည့် အလုပ်သမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့သည် မြန်မာအလုပ်သမားဝန်ကြီးဌာနနှင့် ထိုင်းအလုပ်သမားဝန်ကြီးဌာနနှစ်ခု ပူးပေါင်းပြီး အလုပ်သမားများ ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်မည့် လုပ်သားများအနေဖြင့် မိမိကိုတာဝန်ယူစေလွှတ်သည့် ပြည်ပအလုပ်အကိုင်အေဂျင်စီ၏ အမည်နှင့် ဖုန်းနံပါတ်များ၊ သွားရောက်လုပ်ကိုင်မည့်စက်ရုံအမည်၊ လိပ်စာ၊ ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များ၊ လုပ်ငန်းခွင်အတွင်း ကြီးကြပ်သူများ၏ အမည်၊ ဖုန်းနံပါတ်များကို သိရှိအောင် ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ အလုပ်လုပ်ကိုင်ရာတွင် လုပ်ငန်းခွင်အတွင်းအခက်အခဲများရှိနိုင်မည်ဖြစ်ပြီး ၎င်းအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်အတွင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစည်းကမ်းရှိစွာ နေထိုင်လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ မိသားစုဝင်များထံသို့ လွှဲပို့ငွေများ ၂၅ ရာခိုင်နှုန်းနှင့် အခွန် ၂ ရာခိုင်နှုန်းကို လစဉ်လွှဲပြောင်းရေးကြိုးစားဆောင်ရွက်ရန်နှင့် တရားဝင်လွှဲပို့နိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တရားဝင်လွှဲပို့ရာတွင်ပြင်ပငွေလဲလှယ်နှုန်းနှင့် ကွာခြားမှုမရှိစေရေးနှင့် ဘဏ်များသို့ သွားရောက်ရန်မလိုအပ်ဘဲ လုပ်ငန်းခွင်မပျက် အလွယ်တကူလွှဲပို့နိုင်ရေး Remittance Management System (RMS) Application ရေးဆွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများအနေဖြင့် မိမိတို့ဘဏ်ကတ်များကို အလုပ်ရှင်ထံ အပ်နှံထားခြင်းမပြုဘဲ ကိုယ်တိုင်ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ Online လောင်းကစားသူများက မိမိတို့ဘဏ်အကောင့်များကိုအသုံးချပြီးဆောင်ရွက်မှုမပြုနိုင်ရေး ဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ်သို့ အလုပ်သမား ကျား ၁၉၇ ဦး၊ မ ၆၅ ဦး စုစုပေါင်း ၂၆၂ ဦး စေလွှတ်ခဲ့ရာ ဒွန်မောင်းလေဆိပ်သို့ ရောက်ရှိချိန်တွင် ထိုင်းနိုင်ငံလေဆိပ်တာဝန်ရှိသူများ၊ ထိုင်းအလုပ်အကိုင်ဌာန(DOE) မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ အလုပ်သမားသံမှူးညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်နှင့်တာဝန်ရှိသူများက အဆိုပါအလုပ်သမားများကို လှိုက်လှဲစွာကြိုဆိုခဲ့ကြပြီး ဆေးစစ်မှုဆောင်ရွက်ခြင်း၊ ဗီဇာကိစ္စနှင့် Work Permit ဆိုင်ရာဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွင်သို့အဆင်ပြေချောမွေ့စွာဝင်ရောက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ငလိုက်ချောင်းတစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းနှင့် ကန်တော်မင်္ဂလာရှမ်းကန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးခန်း၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ပညာရှင်များတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြံ့ခိုင်မှုအားစစ်ဆေးရန်အတွက် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေးဆပ်ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ စေတီတော်မြတ်ကြီး ထီးတော်စစ်ဆေးခြင်း မဆောင်ရွက်ရသည်မှာ ၁၀ နှစ်တာကာလခန့် ကြာမြင့်နေပြီဖြစ်သည့်အတွက် ထီးတော်စစ်ဆေးရန် ဖွဲ့စည်းပေးထားသည့်အဖွဲ့အနေဖြင့် ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များအလိုက် သေသေချာချာစစ်ဆေးကြရန်လိုအပ်ကြောင်း၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့စေရေးအတွက် ထပ်မံတိုးမြှင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြင်ဆင်ရမည့်လုပ်ငန်းများရှိပါက စနစ်တကျတင်ပြဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က အလှူငွေရရှိမှုကိုလည်းကောင်း၊ ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရန်စစ်ဆေးရေးဆပ်ကော်မတီ အတွင်းရေးမှူး ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဦးထွန်းကြည်နှင့် ဆပ်ကော်မတီအဖွဲ့ဝင် ဦးအောင်မြတ် (ပညာရှင်) မြန်မာ့သင်္ဘောကျင်းလုပ်ငန်း(ငြိမ်း)တို့က လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အမှတ်(၈၅) တံတားအနီး ငလိုက်ချောင်းတစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ငလိုက်ချောင်း ချောင်းကမ်းပါးများတွင် မြေယာရှင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တာကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်စေလိုကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော မြန်မာမှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ ရေကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်အား အမြဲမပြတ်သန့်ရှင်းစေရေး စနစ်တကျဆောင်ရွက်ရန်၊ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ထိထိရောက်ရောက်ဖြင့် အကျိုးသက်ရောက်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအား ပြည်ထောင်စုဝန်ကြီး ဦးလှမိုးစစ်ဆေး



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ရေတွင်းကုန်းကျေးရွာရှိ "လှ"အထည်အလိပ်လုပ်ငန်းသို့ရောက်ရှိပြီး အထည်စက်ရုံများမှထွက်ရှိသော အထည်ဖြတ်စ၊ ညှပ်စများကို ဂွမ်းအဖြစ်ပြန်လည်ပြုလုပ်ပြီး ဂွမ်းမှ အမှတ်(၇)ချည်မျှင်နှင့် အမှတ်(၁၀) ချည်မျှင်များ ပြန်လည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မှော်ဘီမြို့နယ် ကျောက်ကာကွင်းကျေးရွာရှိ Myanmar Integrated Engineering Group ကုမ္ပဏီသို့ရောက်ရှိပြီး ဝါဂွမ်းချည်မျှင်ထုတ်လုပ်နေမှု၊ ချည်နှင့်ပိတ်များဆေးဆိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာလေးရွာ၊ အိမ်ထောင်စု ၁၈၉၁ စု၊ လူဦးရေ ၆၈၉၉ ဦးတို့ကို အကျိုးပြုပေးနိုင်မည့် မှော်ဘီမြို့နယ် ဖူးကြီး-တံခွန်တိုင်ကျေးရွာ ဆက်သွယ်သောလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်ကိုကြည့်ရှုစစ်ဆေးဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာအုပ်စု ရွှေမြယာကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ်သိန်း ၂၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ပုလဲမြို့သစ်မြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်၊ ယာဉ်၊ ယန္တရားဂိုဒေါင်ကိုရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့်လည်း ဌာန၏ လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဌာန၏ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ဂိုဒေါင်အတွင်း စက်၊ ယာဉ်၊ ယန္တရားများ ထိန်းသိမ်းထားရှိမှုနှင့် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတ်ခွဲစမ်းသပ်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအရည်အသွေးပြည့်မီရေး ဓာတ်ခွဲခန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

---

နေပြည်တော် ဧပြီ ၂၉

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများဖွင့်ပွဲအခမ်းအနားကျင်းပ





တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းတာဝန်ခံကျောင်းအုပ် ဦးအောင်မင်းစိုးနှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအနေအထားအရ တရုတ်ခရီးသွားဈေးကွက်မှာ ကမ္ဘာ့ Outbound ခရီးသွားဈေးကွက်၏ မောင်းနှင်အားတစ်ခုဖြစ်ပြီး ကမ္ဘာနှင့်အဝှမ်းသွားလာလည်ပတ်မှု အများဆုံးအနေအထား၌ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ တရုတ်ခရီးသွားများ သွားလာလည်ပတ်မှု အများဆုံးခရီးစဉ်ဒေသများတွင် အရှေ့တောင်အာရှဒေသပါဝင်သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ခရီးသွားဈေးကွက်မှာ အလားအလာရှိသော ဈေးကွက်တစ်ခုပင်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏စာရင်းဇယားများအရ မြန်မာနိုင်ငံသို့ ဗီဇာဖြင့် ပြည်ပခရီးသွားဧည့်သည်ရောက်ရှိမှုစာရင်းတွင် တရုတ်ခရီးသွားဧည့်သည်ရောက်ရှိမှုမှာ ထိပ်ဆုံးနိုင်ငံများစာရင်းတွင်ပါဝင်နေသည်ကို တွေ့ရှိရကြောင်း။

တရုတ်ဘာသာစကားပြောသင်တန်းများကိုလည်း ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်နှင့် ပုဂံတို့တွင် သက်ဆိုင်ရာသံရုံး၊ အဖွဲ့အစည်းများ၊ ကျောင်းများနှင့်ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခုသင်တန်းကို ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်ကြားရေးဌာနမှ သင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်ကြမည့် ဝန်ထမ်းများအနေဖြင့် အကျိုးရှိရှိထိရောက်အောင် လေ့လာသင်ယူကြရန်နှင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်လျော်ညီသည့် စွမ်းရည်များရှိစေရန်ကြိုးစားပြီး ဝန်ကြီးဌာနမှ အားကိုးအားထားပြုရသော ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ် ဦးအောင်မင်းစိုးက သင်တန်းကျောင်းဖွင့်လှစ်နေမှု၊ ဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ယခုတရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ တရုတ်ဘာသာစကားပြောသင်တန်းများကို သင်တန်းကာလ နှစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

---

ရန်ကုန် ဧပြီ ၂၉

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၀၉)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၉)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၉)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၉ ဦး၊ သင်တန်းသူ ၂၂၆ ဦး စုစုပေါင်း ၃၃၅ ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂၉ ရက်မှ ဇူလိုင်လ ၅ ရက်ထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး




လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန်နှင့် စက်ရုံများ အသစ်တည်ဆောက်ခြင်း မပြုလုပ်နိုင်သေးမီကာလတွင် ရှိပြီးသားစက်ရုံများကို ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းမောင်းနှင်သွားရန်နှင့် ဓာတ်အားပေးစက်များ ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်များ၏ ကြံ့ခိုင်ရေးကိုလည်း စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှု၊ တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျောက်မီးသွေးပြာများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေဗ်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်သို့ ရောက်ရှိပြီး ကျောက်မီးသွေးများ တူးဖော်ထုတ်ယူနေမှုနှင့် ကျောက်မီးသွေးများအား Conveyor Belt ဖြင့် ဓာတ်အားပေးစက်ရုံရှိ ကျောက်မီးသွေးသိုလှောင်ရုံများသို့ သယ်ယူပို့ဆောင်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင်တည်ရှိပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ စက်တပ်ဆင်အင်အားမှာ ၆၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်နှစ်လုံးဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ဖြစ်ပြီး ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ၉၆၀ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို ၁၃၂ ကေဗွီ တီကျစ်-လောပိတဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ တီကျစ်-လွိုင်ကော်ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ တီကျစ်-ကလောဓာတ်အားလိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ကယားပြည်နယ်မှ ယာယီနေရပ်စွန့်ခွာ၍ ကလောမြို့နှင့်အောင်ပန်းမြို့တို့ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောပင်မဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switchyard အတွင်း လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



(၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၁) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ (အပေါ်ထပ်)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက **(၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇွန်လ ၁ ရက်မှ ၉ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်**ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် ဗိုဗီနမ်နှင့် ရေကူးအားကစားနည်းနှစ်နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်**ဖြစ်ကြောင်း၊ ကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အဆင့်အတန်းမီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားများ ထိခိုက်ဒဏ်ရာမရရှိစေရန် နည်းပြများက အနီးကပ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမား ၂၁ ဦးကို စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အာဆီယံကျောင်းသား အားကစားပြိုင်ပွဲသည် အခြေခံပညာအဆင့်ကျောင်းသားများသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပါကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် ထိုက်သင့်သည့် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပဲခူး ဧပြီ ၂၉

# ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီလ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သာယာဝတီမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၉ ခုမှ ပြည်သူ ၂၉၉ ဦး၊ လက်ပံတန်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၃ ခုမှ ပြည်သူ ၄၄၅ ဦး စုစုပေါင်း ၇၄၄ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးနယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့်အကြံပြုချက်များကို ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နေပြည်တော် မေ ၂၉

# လှည်းကူးမြို့နယ်၊ မလစ်အနောက်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မလစ်အနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဘုံသာဓမ္မပါရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၂ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ပဲခူး မေ ၂၉

# ပဲခူးတိုင်းဒေသကြီး၌ ဧပြီလအတွင်း ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာတစ်သန်း တိုးတက်ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဦး ဖန်တီးပေးနိုင်ခဲ့

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၄)ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ခေတ္တအတွင်းရေးမှူးက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုနှင့် တည်ရှိပြီးသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တိုးတက်ထုတ်လုပ်မည့် စီမံချက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက အကြံပြုဖြည့်စွက်တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ၏ တင်ပြချက်များအရ ဧပြီလတွင် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာတစ်သန်းနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီလအထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၀၁၅ သန်းနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု မြန်မာငွေကျပ် ၈၁၁၁ ဒသမ ၀၁၁ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၁၅၉၇ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၄၀၁)၊တင်စိုး(ပဲခူး)

နေပြည်တော် မေ ၂၉


# သံတွဲမြို့ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံရွာသား ၅၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားသည်ဟု မဟုတ်မမှန်သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ




ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်တွင် AA အကြမ်းဖက်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ နှစ်ဖက်တိုက်ပွဲများပြင်းထန်လျက်ရှိရာ ဧပြီလ ၂၈ ရက်နေ့က တိုက်ပွဲဖြစ်ပွားရာ အနီးအနားရှိ ရွှေလေ့ကျေးရွာနှင့် ရေကောက်ကျေးရွာတို့မှ ဒေသခံရွာသား ၅၀ ထက်မနည်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တိုက်ပွဲဖြစ်ပွားရာ အနီးအနားရှိ ကျေးရွာများမှ ဒေသခံရွာသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ဖမ်းဆီးထားသည်ဆိုသည့်သတင်းများမှာ မှန်ကန်မှုမရှိဘဲ ဝါဒဖြန့်ဝေမှုသာဖြစ်ကြောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရာတွင် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ယူတိုက်ခိုက်လျက်ရှိကြောင်း သိရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။ (၁၀၀)




# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် မေ ၂၉

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၂၆)တွင် အောက်ဖော်ပြပါရာထူးနေရာများ၌ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့်နေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း/သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ကျား/မ<br>(၈) နေရာ | - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |

၂။ အထက်ဖော်ပြပါရာထူးနေရာအတွက်ရွေးချယ်ခံရပါက ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၂၆)၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဂ) လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူများဖြစ်ပြီး ၁၀-၄-၂၀၂၄ ရက်နေ့တွင် အသက်(၂၇)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) ကွန်ပျူတာအခြေခံတတ်ကျွမ်းသူဖြစ်ရမည်၊

(င) ဝန်ထမ်းဖြစ်ပါက အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၃၁-၅-၂၀၂၄ ရက်နေ့ နောက်ဆုံးထားပေးပို့ရန်ဖြစ်ပါသည်၊

၃။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းပြသရမည်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မူရင်းပြသရမည်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မူရင်းပြသရမည်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ ပူးတွဲတင်ပြရမည်။

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏(၁)လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး ၃၁-၅-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၂၆)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၂၆)တွင် ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတများကို ဖြေဆိုရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်နေ့ကို ထပ်မံကြေညာပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၂၆)၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၀၅၉၈၊ ၀၆၇-၃၄၁၀၁၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။




### အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က မှ ကျောင်းဝင်အမှတ်(C-၁၆၆၆၊ Grade-6 မှ အဘ ဦးကျော်လင်းနိုင် ၈/တတက(နိုင်)၁၂၁၉၃၅)၏သမီး မဝင့်လွှာနိုင်အား မလင်းလက်မေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလက်မေ**

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ ပြည်ငြိမ်းအေးအိမ်ရာနေ အဘ ဦးအောင်ဝင်းနိုင်၏သမီး မပိုပိုအောင်အား မပိုပိုထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မပိုပိုထွန်း**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သင့်သည်ကျေးရွာနေ အဘ ဦးအောင်ကိုဦး၏ သမီး မယမင်းဦး၏အမည်မှန်မှာ မလဲ့နန္ဒာဖြိုး ၈/ရစက(နိုင်)၂၆၄၇၈၄ ဖြစ်ပါကြောင်း။

**မလဲ့နန္ဒာဖြိုး**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်ဖောက်ကျေးရွာနေ ဦးနိုင်လင်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၅၄၀၆၃ ဦးဝင်းနိုင်ထွေးဖြစ်ကြောင်းနှင့် ၎င်း၏သမီး မရွှန်းလဲ့ခိုင်၏အမည်မှန်မှာ ကျောင်းဝင်အမှတ်(၁၅၀၃)အရ မရွှန်းလဲ့လဲ့နိုင် ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်ထွေး၊ မရွှန်းလဲ့လဲ့နိုင်**

### ပျောက်ဆုံးကြောင်း
ခင်မောင်မြင့်(ဘ)ဦးလှရွှေ ၁၂/လသန(နိုင်)၀၀၇၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(209673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၀၆၃၇၄**

### ပျောက်ဆုံးကြောင်း
မချစ်ချစ်(ဘ)ဦးဝင်းကြည် ၁၄/မအပ(နိုင်)၂၆၇၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
မြစန္ဒာကျော်(ဘ)ဦးကျော်ဝင်းစိန် ၁၄/ပတန(နိုင်)၂၁၁၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 571171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၉၅၅၅၈**

### ပျောက်ဆုံးကြောင်း
အေးအေးချို(ဘ)ဦးယုန္တတ် ၁၀/မလမ(နိုင်)၁၃၄၆၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ချောစုဝင်း(ဘ)ခင်မောင်ဝင်း ၆/ကသန(နိုင်)၀၅၀၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 707583)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

## ကန့်ကွက်နိုင်ပါကြောင်း
ဝမ်းတွင်းမြို့နယ်၊ သဲတောရပ်ကွက်၊ အမှတ်(၁)ရပ်၊ မြတ်ဘုန်းရှင်ဘုရားလမ်းနေ၊ ဦးပိုင်အမှတ်(၃၃)၊ အကွက်အမှတ်(၁၇၀)မြေပေါ်တွင် ဒေါ်ကြူကြူ(၉/ဝတန(နိုင်)၀၀၁၃၆၆)မှ အဆောက်အဦဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ကြူကြူ**

**ဖုန်း-၀၉-၄၀၈၅၇၀၁၅၁**

## ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့၊ ဝက်သေကျေးရွာနေ စောမူးတော(ဘ)စောဦးရီ ၁၄/ရသယ(နိုင်)၀၀၅၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၀/မမ/CE | Rail Chair Plate for 75 lb Rail (7052) Nos နှင့် Screw Spike 24 mm Ø 160 mm Length & Washer (28896) Sets ဝယ်ယူရန် |
| ၂ | ၁၁/မမ/CE | Grooved Rubber Pad (China) (150000) Nos ဝယ်ယူရန် |
| ၃ | ၁၂/မမ/CE | 18 mm Ø Spring Steel (145) Tons ဝယ်ယူရန် |
| ၄ | ၁၃/မမ/CE | Insulated Grooved Rubber Pad for e-Clip Type Sleeper (160000) Nos ဝယ်ယူရန် |
| ၅ | ၁၄/မမ/CE | Bailey Bridge Parts (Tripple Single 60ft : 1-Set) (21.945) Tons ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၄-၅-၂၀၂၄) (၁၄း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀-၄-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## ပြည်ထဲရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းနှင့် မီးသတ်စက်ယာဉ်ဝယ်ယူခြင်းအတွက် ပြည်တွင်းကုမ္ပဏီများတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| Lot(1) | (၂)ထပ်စခန်း(သံကူကွန်ကရစ်)(ရေသန့်လျှပ်စစ်ပါ)<br>(၅၀ × ၄၀ × ၂၇)ပေ | ၁ လုံး |
| Lot(2) | Mobile Firefighting Supporting Machine, LUF 60 | ၁ စီး |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ဝယ်ယူရန် - (၁-၅-၂၀၂၄)မှ (၃၁-၅-၂၀၂၄)အထိ

(ခ) တင်ဒါတင်သွင်းရက် - (၇-၆-၂၀၂၄)

(ဂ) တင်ဒါဖွင့်မည့်ရက် - (၁၄-၆-၂၀၂၄)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ဖုန်း(၀၅၉၂၃၈၇၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## MYITLONE COMPANY LIMITED
## အမှတ်တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အမှတ် 111/A၊ ရှမ်းတောင်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်နေ ဒေါ်လင့်လင့် ၁/မကန(နိုင်)၀၁၂၂၄၆ သည် အောက်ဖော်ပြထားသောလုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်။



**စာချုပ်အမှတ်-၄/၂၅၅၂ (၁၂ မတ်လ ၂၀၂၄)**

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အိမ်ဆောက်ပစ္စည်းနှင့် ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုးနှင့် ကြွေပြားဖြတ်ဘီးတို့ကို ပြည်ပမှမှာယူ၍ ပြည်တွင်း၌ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း။ သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း မပြုလုပ်မလုပ်ဆောင်နိုင်ရန် သတိပေးတားမြစ်အပ်ပါသည်။ တစ်နည်းနည်းဖြင့် တုပသုံးစွဲမည်ဆိုပါက မြန်မာနိုင်ငံပြဋ္ဌာန်းထားသော တည်ဆဲဥပဒေနှင့်အညီတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လင့်လင့်(ဒါရိုက်တာ)**
**MYITLONE COMPANY LIMITED**

### ပျောက်ဆုံးကြောင်း
သူရလင်းကိုကို(ဘ)ဦးရွှေရ ၁၂/တမန(နိုင်)၀၀၁၆၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 434792)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရှိုင်းလင်းအောင်(ဘ)ဦးဇော်လွင် ၁၄/လမန(နိုင်)၀၉၃၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 519072)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၀၇၉၉၃၄၆**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပျောက်ဆုံးကြောင်း
ဒလမြို့၊ ရှင်စောပုလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ မောင်ငြိမ်းချမ်းကျော်(ဘ)ဦးအေးကျော် ၁၂/ဒလန(နိုင်)၀၄၃၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 169440)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၂၇၃၆၃၂**

## ပျောက်ဆုံးကြောင်း
မြောင်းမြမြို့နယ်၊ ရွှေပန်းရွာနေ မောင်ကောင်းခန့်(ဘ)ဦးအောင်စိုးထွန်း ၅/မမန(နိုင်)၁၂၁၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 673726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၆၃၈၉၁၃၃**

## ပျောက်ဆုံးကြောင်း
ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးကျေးရွာနေ ကေသီဦး(ဘ)ဦးတင်ခ ၁၂/မဂဒ(နိုင်)၁၂၉၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 358792)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၁၆၄၂၇၂**

နေပြည်တော် ဧပြီ ၂၉

# ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ




ရေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများတွင် သင်တန်းနည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားပေးနေမှုကိုတွေ့ရစဉ်။




လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများတွင် သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှသင်တန်းသား၊ သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတို့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို **နေပြည်တော်ကောင်စီနယ်မြေ**ရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၇၀ ဦး၊ **မှော်ဘီမြို့**ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ **မိတ္ထီလာမြို့**ရှိ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ **မြစ်ကြီးနားမြို့**ရှိ မြစ်ကြီးနားသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ **မကွေးမြို့**ရှိ မကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅၀ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“အကြမ်းဖက်သမားများရဲ့ သတ်ဖြတ်ခြင်းခံခဲ့ရတဲ့ မြဝတီက အပြစ်မဲ့စစ်ဘေးရှောင်မိသားစု”** ခေါင်းစဉ်ဖြင့် ၁-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားကိုးကွယ်ရာဖြစ်သည့် အလောင်းတော်ကဿပဘုရားကိုတောင်မိုင်းခွဲ၊ ရွှေခွာလုပ်လာကြတဲ့ ဘာသာမဲ့အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဧပြီ ၂၉

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၂၆ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၃၈၅/၂) အနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၁၃. ၁၉၅)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၄၁၁၈၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၁၁၈၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့Nissan X-Trail မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ Felicity Solar Lithium Iron Phosphate Battery (၄)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Clear Float Glass (၃၄၄၆. ၂၆)စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၇၅၄၇၂)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၉၇၅၄၇၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၇ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဘားအံမြို့၊ မြို့ရှောင်လမ်းအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Plastic Tube (၈၈၅) ကီလိုဂရမ်၊ 108 Detergent ဆပ်ပြာမှုန့်ထုပ် (၄၈၀)၊ Yum Yum ခေါက်ဆွဲခြောက်ထုပ် (၄၅၀၀)နှင့် Lipovitan-D အားဖြည့်အချိုရည်ပုလင်း (၆၀၀၀)၊ တရုတ်နိုင်ငံထုတ် Billions Titanium Dioxide အိတ်(၂၅၀)၊ Safety Shoes ဖိနပ် (၅၀၀)ရန် အပါအဝင် ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Condor (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၆၆၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook and Lobster ငါးငံပြာရည် (၃၆၀) ပုလင်းအပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၀၀၀)အား အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တရားမဝင် အခြားသစ်(မီးသွေး) (၁၂ ဒသမ ၆၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့အား သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၄၉၆၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၄၉၆၉၃၂)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၉

# ကွန်ဟိန်းနှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



စိုင်းထွန်းလှနှင့် အိုက်ရီတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၆ ရက် ည ၆ နာရီတွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်ကျေးရွာအနီးတွင် မိုင်းပျဉ်းဘက်မှ ကာလိဘက်သို့ စိုင်းထွန်းလှ မောင်းနှင်ပြီး အိုက်ရီ လိုက်ပါလာသည့် CROWN အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၁၂ ဒသမ ၇ ကီလိုကိုလည်းကောင်း၊ အလားတူ ဧပြီလ ၂၈ ရက် ည ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စု ကျူရုံးကွက်သစ်ရှိ စိုင်းနောင့်(ခ)စိုင်းခေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**(သတင်းစဉ်)**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၉-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | ကြက်ဥ | ဘဲဥ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | တစ်လုံး | တစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၈၀၀ | ၂၇၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၂၇၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၀၅၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၃၀၀၀-၂၀၀၀၀ | ၂၄၀၀-၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၈၅၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၅၀၀ | ၄၆၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၇၃၀၀ | ၃၈၀၀ | ၃၂၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၃၀၀ | ၄၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

နေပြည်တော် ဧပြီ ၂၉

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Yoon Poe Eain" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၃)ရပ်ကွက်နေ ခင်လေးမေအား မွန်းတည့် ၁၂ နာရီတွင် အသုတ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၃၀-၄-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ဝ၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ဝ၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Reques Song |

နေပြည်တော် ဧပြီ ၂၉

## မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော B/N Excavator Spare parts၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box၊ ကားမှန်များနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၁၆-၅-၂၀၂၄)ရက်နေ့ နံနက်(၁၀း၀၀)နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - B/N Excavator Spare parts၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box၊ ကားမှန်များနှင့် အထွေထွေကုန်ပစ္စည်းများ

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်)တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့်(၈-၅-၂၀၂၄)ရက်နေ့မှ (၁၀-၅-၂၀၂၄)ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား (၁၃-၅-၂၀၂၄) ရက်နေ့မှ (၁၅-၅-၂၀၂၄)ရက်နေ့အထိ ရုံးဖွင့်ရက်နံနက်(၁၀း၀၀)နာရီမှ ညနေ(၁၆း၀၀)နာရီအထိ (၃)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း(၀၉-၅၁၄၂၉၇၉)သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်-(၁/၂၀၂၄-၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၆-၅-၂၀၂၄)ရက်နေ့မှစ၍ ဖော်ပြထားပါမည်။

| | | | |
|---|---|---|---|
| ၁။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် | - | (၆-၅-၂၀၂၄) (၁၀း၀၀)နာရီ |
| ၂။ | တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | (၁၄-၅-၂၀၂၄) (၁၅း၀၀)နာရီ |
| ၃။ | တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | (၁၅-၅-၂၀၂၄) နံနက်(၁၀း၀၀)နာရီ |
| ၄။ | တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)ညောင်တုန်းမြို့။ |

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၂၂၀၂၀၃ တွင်(၆-၅-၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)**
**လမ်းဦးစီးဌာန**
**(ဖုန်း-၀၉-၄၂၂၄၇၈၅၁၁၊ ၀၉-၈၈၂၉၇၆၀၇၆၊ ၀၉-၇၉၅၈၆၃၂၂၉)**


**ပျောက်ဆုံးကြောင်း**
မနှင်းသက်မာ(ဘ)ဦးညွန့်ဝင်း ၉/ပဘန(နိုင်)၁၈၁၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သိမ့်သဉ္ဇာမြင့်(ဘ)ဦးမောင်မောင်မြင့် ၁၂/မဂတ(နိုင်)၀၉၈၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ညိမ်းစုထိုက်(ဘ)ဦးသန်းအောင် ၁၂/ဥကမ(နိုင်)၂၃၀၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 646597)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၁၅၃၅၀

**ပျောက်ဆုံးကြောင်း**
မျိုးမင်းသိန်း(ဘ)ဦးမြင့်သိန်း ၁၄/ပသန(နိုင်)၁၄၈၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(957836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၂၀၀၅၈၅

**ပျောက်ဆုံးကြောင်း**
သန္တာဦး(ဘ)ဦးမျိုးမြင့်ဦး ၈/သရန(နိုင်)၁၁၇၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 045693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
စောဂျရမိုင်းရာ(ဘ)စောမြတ်မင်းအေး ၁၂/ဥကမ(နိုင်)၂၉၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 160585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၅၀၅၆၃၀

**ပျောက်ဆုံးကြောင်း**
နော်မူမူအေး(ဘ)စောမောင်မောင်အေး ၁၂/ဥကမ(နိုင်)၁၆၅၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 160926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၅၀၅၆၃၀

**ပျောက်ဆုံးကြောင်း**
တင်ထွန်း(ဘ)ဦးဘို ၁၂/ဥကတ(နိုင်)၁၁၃၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 785169)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၅၀၉၀၂၉

**ပျောက်ဆုံးကြောင်း**
ဦးစိုးမိုး(ဘ)ဦးအောင်တင် ၂/ဘလခ(နိုင်)၀၀၄၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 309115)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
ငြိမ်းချမ်းအောင်(ဘ)ဦးတင်အောင် ၁၂/ဒလန(နိုင်)၀၃၈၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(782384)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၈၃၅၁၆၀

**ပျောက်ဆုံးကြောင်း**
ဟွန်ရှင်ဖိန်း(ဘ)ဟောင်ပါရီ ၁၃/ကခန(နိုင်)၀၀၀၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 638129)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၉၂၉၇၇၆

**ပျောက်ဆုံးကြောင်း**
ကိုသဲ(ဘ)ဦးအောင်ရွှေ ၁၂/ခရန(နိုင်)၁၁၈၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 104359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၁၁၇၇၇၄၀

**ပျောက်ဆုံးကြောင်း**
နေလင်းအောင်(ဘ)ဦးမြအုန်း ၁၂/တတန(နိုင်)၀၆၄၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇက်ဂျာလဒွဲ(ဘ)ဦးဇက်ဇော်ဂျာ ၁/မကန(နိုင်)၀၈၄၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 888097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထင်ကျော်(ဘ)စိန်ချုံကွမ်း ၉/ပဥလ(နိုင်)၀၂၃၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အီဇာလီ(ဘ)ဦးဖူနီယံဒီ ၁၂/ရကန(နိုင်)၀၇၈၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 688998)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နေပြည်တော်တိုင်းဒေသကြီး၊ ပျဉ်းမနားမြို့နယ်နေ ဇေယျာလင်း(ဘ)ဦးမြင့်ဆွေ ၉/ပမန(နိုင်)၂၇၁၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 274474) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၆၆၆၇၄၃၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နယ်၊ ပေါက်တောကျေးရွာနေ ထွန်းလင်းအောင်(ဘ)ဦးကျော်ငွေ ၆/ပလတ(နိုင်)၀၁၅၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 742081) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၆၆၆၇၄၃၁

**ပျောက်ဆုံးကြောင်း**
စစ်တွေမြို့၊ ကုန်းတန်းရပ်ကွက်နေ ဦးကျော်မောင်(ဘ)ဦးရွှေလှ ၁၁/ကတန(နိုင်)၀၃၄၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 216079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
တိုက်ကြီးမြို့၊ ဆင်ဖြူရှင်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်းနေ ဒေါ်ကေသီခိုင်(ဘ)ဦးစိုးနိုင် ၁၂/တကန(နိုင်)၁၆၁၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၀၆)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၁၁၇၉)နေ မခင်သူဇာဇော်(ဘ) ဦးခင်မောင်ဇော် ၁၂/ဒဂတ(နိုင်)၀၂၁၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 351972)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၄၈၅၀၈

**ပျောက်ဆုံးကြောင်း**
အောင်မြင့်မြတ်(ဘ)ဦးလေးနိုင် ၇/ပမန(နိုင်)၂၅၁၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

အလိမ္မာစာမှာရှိ

**ပျောက်ဆုံးကြောင်း**
လွှမ်းမိုးအောင်(ဘ)ဦးအောင်ငွေး ၉/မထလ(နိုင်)၂၉၂၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 162005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လွင်ကိုကို(ဘ)ဦးဝင်း ၁၄/မအန(နိုင်)၂၄၉၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 224166)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၅၈၇၈၀

**ပျောက်ဆုံးကြောင်း**
အောင်သူ(ဘ)ဦးလှမျိုး ၁၂/ခရန(နိုင်)၁၆၄၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ

မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ









➢ ပါရမီ(YBS) 09-459448201

➢ ရွှေမန်းသူ 09-254781060

➢ မန္တလေးအခြေစိုက် 09-426500153

➢ တော်ဝင် 09-423333250

➢ ပါရမီတက္ကစီ 01-3643641

➢ ကုန်စည် 09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)

အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ

လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family




မိသားစုဘဝ လုံခြုံစိတ်ချဖို့ ကျန်းမာရေးအာမခံ ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ . . .

❖ သို့ဖြစ်၍ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့်

စာမျက်နှာ ၅ ကော်လံ ၁ ☞

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန(၃)ခု၌ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဝင်ရောက်ဖြေဆို**

စာ - ၈ သို့

**မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတားမှ ခရီးသွားပြည်သူများ အေးချမ်းစွာသွားလာလျက်ရှိ**

စာ - ၈ သို့

**ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း သဒ္ဒါကြည်ဖြူ ရေကန်များ ဆယ်လျှ ကုသိုလ်ယူ**

ဆောင်းပါး - ၁၁ သို့


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar